# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၅)ရက် ၊ တနင်္ဂနွေနေ့ ၊ (9-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြုံခိုက်မှာ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိ




ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများက ကျောက်မဲမြို့ကို ခေတ္တထိန်းချုပ်ထားစဉ်ကာလအတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် **စာမျက်နှာ ၁၇ ကော်လံ ၁** 🏳

စာမျက်နှာ ၁၇ ကော်လံ ၁

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာ

**၂၀၂၅ ခုနှစ် နိုဝင်ဘာ ၈ ရက်**

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်များက ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် မရှိမဖြစ်အရေးပါပြီး သဘာဝပတ်ဝန်းကျင်ကို ရေ၊ လေ၊ မြေတို့ဖြင့် အခြေခံကာဖွဲ့စည်းထားသည်။ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ဟူသည် လူသားတို့၏ အနီးဝန်းကျင်ရှိ သက်ရှိသက်မဲ့များဖြစ်သည့် တောတောင်၊ ရေ၊ မြေ၊ သစ်ပင်ပန်းမန်စသည်တို့အပြင် တောရိုင်းတိရစ္ဆာန်များ၊ ဥယျာဉ်ခြံမြေများ၊ နှစ်ရှည်ပင်ကြီးများ၊ လယ်ကွင်း၊ ယာကွင်းများ၊ ကျေးရွာများ စသည်တို့အားလုံးပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်သည် ယခုအခါရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များဖြစ်သော အပူချိန်မြင့်တက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ရေရှားခြင်း၊ တောမီးများလောင်ကျွမ်းခြင်းစသည်တို့ကြောင့် တဖြည်းဖြည်းယိုယွင်းပျက်စီးလာပါသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များသည် စားနပ်ရိက္ခာမလုံလောက်မှု၊ သောက်သုံးရေရှားပါးမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ရှားပါးမျိုးသုဉ်းလာမှုစသည်တို့ကို ဆက်စပ်ဖြစ်ပေါ်လာစေပါသည်။ ထို့ကြောင့် လူသားအားလုံးက မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်စေရေး သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာတွင် သစ်ပင်သစ်တောများရှင်သန်ဖြစ်ထွန်းရေးသည် အဓိကဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးရာတွင် သီးပင်စားပင်၊ အရိပ်ရလေကာပင်မှသည် နိုင်ငံ့ရတနာပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုး စသည့်နှစ်ရှည်သစ်ပင်များကိုလည်း စိုက်ကြရမည်ဖြစ်သည်။ သစ်ပင်၊ သစ်တောများသည် လေထုညစ်ညမ်းမှုကိုဖြစ်စေသော ကာဗွန်ကိုစုပ်ယူကာ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည့် သဘာဝလေသန့်စင်စက်များဖြစ်သဖြင့် လူသားတို့ကို ကောင်းကျိုးပြုသည်။ ထို့ပြင် တိရစ္ဆာန်များအတွက် နေစရာအိမ်ကို ဆောင်ကြဉ်းပေးနိုင်သည်။ လူ့အသုံးအဆောင်ပရိဘောဂများ၊ နေအိမ်များအတွက် လိုအပ်သောသစ်များနှင့် လိုအပ်သည့်ကုန်ကြမ်းများကို သစ်တောများမှ ထုတ်ယူနိုင်သည်။

ယနေ့ခေတ်တွင် လူဦးရေများပြားလာခြင်း၊ စီးပွားရေးအကျိုးအမြတ်ရလိုခြင်းများကြောင့် သစ်တောထွက်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းများပြုလုပ်လာကြသည့်အခါ သစ်တောများပြုန်းတီးလာရသည်။ သစ်တောများပြုန်းတီးပါက မိုးခေါင်ခြင်း၊ မိုးခေါင်ပါက ရေရှားပါးခြင်း၊ မိုးခေါင်ရေရှားခြင်းက မိုးကို အားထားစိုက်ပျိုးရသည့် လယ်ယာမြေများအခက်အခဲများရှိခြင်း၊ အထွက်နှုန်းလျော့ကျခြင်းများအပြင် မြေသားများခိုင်မြဲအောင်ကုပ်တွယ်ထားသည့် သစ်ပင်၏အမြစ်များမရှိသည့်အခါ မြေပြိုခြင်းများဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် သစ်ပင်သစ်တောသယံဇာတများနှင့် တွင်းထွက်သယံဇာတများ အလွန်အကျွံထုတ်ယူခြင်းကို ဆင်ခြင်သတိပြုကာ လျှော့ချသုံးစွဲကြရမည်ဖြစ်သည်။

သစ်ပင်သစ်တောသယံဇာတများနှင့် တွင်းထွက်သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် နောင်အနာဂတ်ကို ကြိုတင်မြော်တွေးတွက်ဆ၍ သုံးစွဲသင့်သလောက်သာ ထုတ်ယူသုံးစွဲသွားကြရမည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကိုဖြစ်စေသော ရုပ်ကြွင်းလောင်စာများကို အလွန်အကျွံအသုံးပြုမည့်အစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော ရေ၊ လေ၊ နေ စွမ်းအင်များကို အစားထိုးပြောင်းလဲသုံးစွဲသင့်ပေသည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့နေစေရန်၊ ရာသီဥတုပြောင်းလဲခြင်းမှကာကွယ်ရန်နှင့် ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကို အနာဂတ်မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်စေရန်အတွက် မိမိနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပြည်သူအားလုံးက အတူတကွဝိုင်းဝန်းထိန်းသိမ်းကြပေးမ်းကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန်
၄၉ ရက်
သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၃၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၄၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း နေကြာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်အောင်ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဓနုဖြူမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှမြင့်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအား ကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၂၀၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလပထမပတ်က စတင်အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ငါးကွမ်းရှပ်ခြောက်တွေဟာ အရည်အသွေးလဲကောင်းပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်အပါအဝင် ဒေသအစုံက ဝယ်ယူအားကောင်းနေပါတယ်။ ပိုမိုရောင်းအားရှိနေတာကတော့ ငါးကွမ်းရှပ်ခြောက်တွေ ဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှမြင့်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၄၁၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၆၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် အင်းတဲ(မ)ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မှုရိုးကုန်းကျေးရွာအုပ်စု အင်းတဲ(မ)ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ကာ မြို့နယ်ဦးစီးမှူးက အင်းတဲ(မ)ကျေးရွာ၌ ရန်ပုံငွေကျပ် ၂၀ ဒသမ ၇၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ အေလမ်း၊ ၁၁၈ အေလမ်းနေ ကျန်ရစ်သူ မိသားစုက ဦးသိန်းဖြူကိုရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

**ပုသိမ်ကြီး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးသိပ္ပံတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က စက်ချုပ် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက အဆင့်မြင့်စက်ချုပ်သင်တန်း သင်ခန်းစာများကို နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၈ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဟင်္သာတမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ထောပတ်ပဲနီများ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါထောပတ်ပဲနီ တစ်ရက်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ထောပတ်ပဲနီ အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေလို့ အရောင်းသွက်လာတာဖြစ်ပါတယ်။ အခုလ ပထမပတ်လောက်ကနေစပြီးအဝယ်လိုက်လာတာတာပါ။ လက်ရှိထောပတ်ပဲနီကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့အခြေအနေမှာ ရှိနေပါတယ်"ဟု ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဟင်္သာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ တစ်ပြည်လျှင် ငွေကျပ် ၉၇၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါထောပတ်ပဲနီများ ဝယ်လိုအား ကောင်းမွန်လာခြင်းကြောင့် ပဲစိုက်ပျိုးတောင်သူများ၊ ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အဆုံးမဲ့စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ကြရအောင်

မျိုးသူ(ကုန်သွယ်မြှင့်)

**❖ လူသားများအတွက် နေ့စဉ်လိုအပ်နေသော အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများသည် လူသားများရှိနေသည်နှင့်အမျှ တည်ရှိနေမည်ဖြစ်သဖြင့် အဆုံးမဲ့စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများကိုကြည့်ပါက လူသားတို့ အခြေခံလိုအပ်ချက်ဖြစ်သော စား၊ ဝတ်၊ နေရေးကို အခြေခံထားသည့် အစားအသောက်လုပ်ငန်းကဏ္ဍတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းကဏ္ဍတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများ၊ နေထိုင်စရာ အိုးအိမ်လုပ်ငန်းကဏ္ဍတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ ❖**

စီးပွားရေးလုပ်ငန်းတစ်ခုအတွက် တစ်ခဏဖြင့် ပြီးဆုံးမှုမရှိသည့် လုပ်ငန်းတစ်ခုဖြစ်မှသာ အောင်မြင်မှုလမ်းပေါ်ရောက်နိုင်မည်ဖြစ်သည်။ အဆုံးမရှိသည့် စီးပွားရေးလုပ်ငန်း Never Ending Business တစ်ခု ထူထောင်နိုင်လျှင် ဘဝအတွက် အောင်မြင်မှုလမ်းကို ရောက်နိုင်မည်ဖြစ်သည်။ အဆုံးမရှိသည့်လုပ်ငန်း တစ်ခုဖြစ်ရန် မည်သို့လုပ်ဆောင်ရမည်နည်း။ မည်သို့ ရွေးချယ်ရမည်နည်း။ ဘဝတွင် ဝင်ငွေရှာဖွေရေး အတွက် လုပ်ငန်းအမျိုးမျိုးကိုလုပ်ဆောင်ကြသည့် အနက် မည်သည့်လုပ်ငန်းကို သင်အကြိုက်ဆုံးဖြစ်ပါသလဲ။ ကျွန်တော်အကြိုက်ဆုံးလုပ်ငန်းကမူ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခုတည်ထောင်၍ ရေရှည် တိုးတက်အောင်မြင်စေရန် လုပ်ဆောင်ရေးဖြစ်သည်။ ထိုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို တိုးတက်ကြီးပွားပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ရမည် ဖြစ်သည်။ မိသားစုအဆက်ဆက် ရေရှည်တည်တံ့စွာထိန်းသိမ်းနိုင်သည့် အဆုံးမဲ့စီးပွားရေးလုပ်ငန်း တစ်ခု ဖြစ်လာစေရန်အတွက် မည်သည့်လုပ်ငန်းကို ဆောင်ရွက်မည်ဆိုသည်ကိုလည်း ရွေးချယ်ထားရန် လိုအပ်သည်။

**ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း**

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ဆိုသည်မှာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကိုယ်ပိုင်ငွေကြေး၊ အရင်းအနှီးဖြင့် လုပ်ကိုင်နိုင်ပြီး ရရှိသည့်အကျိုးအမြတ်အားလုံးကို အကုန်ရရှိမည်ဖြစ်သည်။သို့သော် အရှုံးပေါ်ခဲ့ပါကလည်း အရှုံးအားလုံးကို ကိုယ်တစ်ဦးတည်းကသာ ခံစားရမည်ဖြစ်သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးများကို ကြည့်မည်ဆိုပါက ပထမဆုံးအနေဖြင့် တည်ထောင်ရလွယ်ကူသည်။ မည်ရွေ့မည်မျှ ရင်းနှီးမြှုပ်နှံရမည်ဟုလည်း အတိအကျ သတ်မှတ်ထားခြင်းမရှိပါ။ စည်းမျဉ်းစည်းကမ်းများလည်း အလွန်နည်းပါးတတ်သည်။ အားနည်းသည့်အပိုင်းမှာ ငွေဖြစ်လွယ်သည့် ပိုင်ဆိုင်မှု အားနည်းခြင်းပင်ဖြစ်သည်။ ထို့ပြင် ပိုင်ရှင်သေဆုံးလျှင် လုပ်ငန်းလည်း ရပ်တန့်သွားနိုင်သည်။ ပိုင်ရှင်အနေဖြင့် လုပ်ငန်းပေါင်းစုံကို ကျွမ်းကျင်စွာ သိရှိနိုင်မှုလည်း မရှိနိုင်ပါ။ သို့သော်လည်း လုပ်ငန်းတစ်ခုကို ရေရှည်တည်တံ့အောင် ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ မိသားစုတစ်ခုလုံးကို ကြီးပွားချမ်းသာစေနိုင်သည့်အပြင် လုပ်ငန်းကိုမှီခိုနေရသော ဝန်ထမ်းများကိုလည်း စားဝတ်နေရေးအတွက် အလုပ်အကိုင်ရရှိစေနိုင်သည်။ ထို့ကြောင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို တည်ထောင်ကာ ရေရှည်တည်တံ့ပြီး အဆုံးမဲ့ အောင်မြင်မှုရရှိရန် ကြိုးစားဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။ ထိုသို့ လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများတွင် မည်သည်တို့က အဆုံးမဲ့လုပ်ကိုင်နိုင်သော၊ အောင်မြင်နိုင်သော လုပ်ငန်းများဖြစ်သည်ကို သိရှိနိုင်ပြီး ရွေးချယ်လုပ်ကိုင်နိုင်လျှင် ပိုမိုသင့်မြတ်မည်ဖြစ်သည်။

**အဆုံးသတ်မရှိစီးပွားရေးလုပ်ငန်းများ**

**Never Ending Business**

လူသားများအတွက် နေ့စဉ်လိုအပ်နေသော အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများသည်လူသားများရှိနေသည်နှင့်အမျှ တည်ရှိနေမည်ဖြစ်သဖြင့် အဆုံးမဲ့စီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများကို ကြည့်ပါက လူသားတို့ အခြေခံလိုအပ်ချက်ဖြစ်သော စား၊ ဝတ်၊ နေရေးကို အခြေခံထားသည့် အစားအသောက်လုပ်ငန်းကဏ္ဍတွင် ပါဝင်သောစီးပွားရေးလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းကဏ္ဍတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းများ၊ နေထိုင်စရာ အိုးအိမ်လုပ်ငန်းကဏ္ဍတွင်ပါဝင်သော စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။ အသက်ရှင်သန်ရပ်တည်ရေးနှင့် ကြီးပွားတိုးတက်ရေး အတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများကို ကြည့်လျှင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများသည် မတိမ်ကောသော တစ်နည်းအားဖြင့် အဆုံးမဲ့သော စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။ အရင်းအနှီးအနည်းငယ်နှင့် စတင်နိုင်သော လုပ်ငန်းများတွင် မည်သည့်ကုန်ပစ္စည်းကို ရောင်းသည်ဖြစ်စေ အွန်လိုင်းမှ ရောင်းချခြင်းသည် အရင်းအနှီးအနည်းငယ်ဖြင့် စတင်နိုင်သောလုပ်ငန်းဖြစ်သည်။ အွန်လိုင်းမှ စတင်ပြီး တစ်နှစ်ခန့်ကြာသောအခါ မိတ်ရလာပြီးနောက် စတင်မတည်ထားသည့် အရင်းအနှီးကို ပြန်လည် ထုတ်ယူနိုင်ပြီ ဆိုလျှင် အွန်လိုင်းနှင့် ရောင်းဝယ်ခြင်းအပြင် လူကိုယ်တိုင် ဝယ်ယူရောင်းချနိုင်သော ဆိုင်တစ်ခုကို ထူထောင်ပြီးလုပ်ငန်းကို တိုးချဲ့သွားသင့်သည်။

**ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ**

အရင်းအနှီးနည်းနည်းနှင့် လုပ်ငန်းစတင်ထားမည်ဆိုပါက ခဏဖြင့်ရပ်တန့်လိုက်ရခြင်းမျိုး မဖြစ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲသည့် အဆုံးမဲ့လုပ်ငန်းမျိုး ဖြစ်စေရေးကိုသတိပြုရမည်။ ထိုသို့ လုပ်ငန်းမျိုးဖြစ်ရန် ထည့်သွင်းစဉ်းစားရမည့်အချက်များ ရှိသည်။ မှန်ကန်သည့်လုပ်ငန်းမျိုးကို ရွေးချယ်သင့်သည်။ ရောင်းကုန်များနှင့်ပတ်သက်လျှင် အထိုက်အလျောက် ကျွမ်းကျင်မှုရှိရန်လိုအပ်သည်။ မည်သည့် လုပ်ငန်းဖြစ်စေ ဈေးကွက်တည်ငြိမ်မှုရှိရေးကို ထည့်သွင်းစဉ်းစားရမည်။ အဆုံးမဲ့လုပ်ငန်းများအဖြစ် ရွေးချယ်ရာတွင် စားဝတ်နေရေးပေါ်အခြေခံ၍ ရွေးချယ်ထားခြင်း ဖြစ်သည်ဆိုပါက စားသောက်ကုန်များသည် လူသားများအားလုံးအတွက် နေ့စဉ်လိုအပ်သော ပစ္စည်းများ ဖြစ်သည်နှင့်အညီ ဈေးကွက်တည်ငြိမ်မှုရှိကြသည်ကို တွေ့နိုင်သည်။ သို့သော် ရွေးချယ်ထားသောလုပ်ငန်းသည် အခြေခံလိုအပ်သည့် စားသောက်ကုန်မျိုးဖြစ်ပါက အစဉ်ဝယ်လိုအားရှိနေတတ်သည်။ စီးပွားရေးကျဆင်းသည့် ကာလများတွင်ပင် အခြေခံစားကုန်ဆိုင်များမှာ ဆက်လက်ရှင်သန်နေတတ်သည်။ ကိုဗစ်ဖြစ်စဉ်ကာလတွင် အဝတ်အထည်ဆိုင်များ ကျဆင်းသွားသည့်တိုင် စားသောက်ကုန်ရောင်းဝယ်သော ဆိုင်များမှာ ဆက်လက်ရှင်သန်နေသည်ကို တွေ့နိုင်သည်။ အလားတူပင် ဆေးဝါးရောင်းချသော ဆိုင်များသည်လည်း ရှင်သန်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဈေးကွက်တည်ငြိမ်သည့်လုပ်ငန်းမျိုးကို ရွေးချယ်သင့်သည်။ ဈေးကွက်ကြီးတစ်ခုလုံးအတွက် ဆောင်ရွက်မည်ဟုရည်ရွယ်ချက်ထားနိုင်သော်လည်း လက်တွေ့တွင် ဈေးကွက်အပိုင်း အကန့်တစ်ခုကိုသာ သေချာဦးတည်ပြီး လုပ်ကိုင်ရန် လိုအပ်သည်။ သေချာရွေးချယ်ထားသော ဈေးကွက်ငယ်တွင် အောင်မြင်ခြင်းက စဉ်ဆက်မပြတ် အောင်မြင်ရေးဆီသို့ ရောက်မည်ဖြစ်သည်။ ငွေကြေးပြန်လည်ရရှိမှု မြန်တတ်သည်ကိုလည်း တွေ့နိုင်သည်။ ငွေကြေးလည်ပတ်မှုများလေလေ အမြတ်များလေလေ ဟု ခံယူလုပ်ကိုင်ရသည်နှင့်အညီ ငွေကြေးပြန်လည်ရရှိမှု မြန်ဆန်မှသာ ငွေကြေးကို ပြန်လည်အသုံးချပြီး မြန်မြန်လည်ပတ်နိုင်မည်ဖြစ်၍ ယခုရွေးချယ်ထားသော လုပ်ငန်းမျိုးသည် ငွေကြေးလည်ပတ်မှု မြန်ဆန်တတ်သည်။ ငွေကြေးလည်ပတ်မှုနည်းလျှင် သိုလှောင်ထားသည့် သဘောသက်ရောက်ပြီး အရင်းအနှီးကြီးမားမှသာ အမြတ်လည်း များမည်ဖြစ်သည်။ ထိုနည်းလမ်းကို ငွေကြေးအင်အားနည်းသူများအတွက် မဖြစ်နိုင်သဖြင့် ငွေရင်းပြန်ဖော်ရလွယ်သော လုပ်ငန်းများ သို့မဟုတ် အရင်းနည်းသော ဝန်ဆောင်မှုလုပ်ငန်းများကို ရွေးချယ်ရမည်ဖြစ်သည်။

**အောင်မြင်ရန်အတွက် လိုအပ်ချက်များ**

လုပ်ငန်းငယ်များသည် များသောအားဖြင့် ကိုယ်တိုင်လုပ်ကိုင်လေ့ရှိကြသဖြင့် ကိုယ်ဝါသနာပါပြီး ကျွမ်းကျင်သောလုပ်ငန်းမျိုးကို ရွေးချယ်သင့်သည်။ ကျွမ်းကျင်မှုရှိပြီးသော လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ခြင်းဖြင့် ရောင်းကုန်အရည်အသွေးနှင့် ဝန်ဆောင်မှုအရည်အသွေးသည် အခြားသူများထက် မြင့်မားနိုင်သည်။ ကိုယ်ပိုင်ဝါသနာလည်းမရှိ၊ ကျွမ်းကျင်မှုလည်းနည်းပါးသော လုပ်ငန်းမျိုးကို ရွေးချယ်မိပါက လုပ်ငန်းတိုးတက်မှုနှေးကွေးမည် ဖြစ်သည်။ ထုတ်ကုန်အရည်အသွေးနှင့် ဝန်ဆောင်မှုအပိုင်းများတွင်လည်း အားနည်းမှုများ ရှိနေနိုင်မည် ဖြစ်သည်။ အခြားသတိထားရမည့်အချက်မှာ သစ္စာရှိဖောက်သည်များ တိုးပွားအောင်ဆောင်ရွက်ရေးဖြစ်သည်။ ကုန်ရောင်းသည်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ဖောက်သည်နှင့်ဆက်ဆံရေးကို အထူးအလေးထား ဆောင်ရွက်ပေးနိုင်ရမည်။ ရိုးရိုးဖောက်သည်မှ သစ္စာရှိဖောက်သည်ဖြစ်လာရန်၊ သစ္စာရှိဖောက်သည်တစ်ဦးမှဦးရေတစ်ရာ ဖြစ်လာစေရန်အတွက် ဝန်ဆောင်မှုပေးခြင်းကို အထူးဂရုစိုက်ဆောင်ရွက်ပေးနိုင်ရမည်။ နှုတ်ဖြင့်ကြော်ငြာပေးမည့် ဖောက်သည်ကောင်းများ တိုးပွားအောင်ဆောင်ရွက်ပေးနိုင်ရမည်။ အလှမ်းမီသည့် ဈေးကွက်ငယ်များကိုသာ တိတိကျကျရွေးချယ်ပြီး သေချာဆောင်ရွက်သင့်သည်။ ဆေးပေါ့လိပ်များကို ရောင်းချကြရာတွင် တစ်နိုင်ငံလုံးရှိ မြို့များကိုဦးတည်၍ ထုတ်လုပ်ရောင်းချသည်ထက် တစ်ရွာတစ်မြို့ စသည်ဖြင့် ဦးတည်ဆောင်ရွက်ကြသည်ကို တွေ့နိုင်သည်။ ထိုကဲ့သို့ပင် မိမိရောင်းဝယ်မည့် သို့မဟုတ် ဝန်ဆောင်မှုပေးမည့်ဈေးကွက်ကို တိတိကျကျ သတ်မှတ်၍ အသေးဆုံး ခြေနိုင်လက်နိုင် အခြေအနေက စတင်သင့်သည်။

**သတိထားရမည့်အချက်များ**

အဆုံးမဲ့လုပ်ငန်းများဖြစ်ပြီး အရင်းအနှီးနည်းနည်းနှင့် စတင်ရသည့်လုပ်ငန်းများ၏ အဓိက သတိထားရမည့်အချက်မှာ ပြိုင်ဆိုင်မှုများပြားခြင်း ဖြစ်သည်။ စားဝတ်နေရေးနှင့်ဆိုင်သော လုပ်ငန်းအများစုသည် ဈေးကွက်ကျယ်ပြန့်သကဲ့သို့ ပြိုင်ဆိုင်မှုလည်း ပြင်းထန်တတ်သည်။ ဥပမာ - မြန်မာနိုင်ငံတွင် မုန့်ဟင်းခါးရောင်းသည့်ဆိုင်များကို ရပ်ကွက်တိုင်းလိုလိုတွင် တွေ့နိုင်သည်။ သို့သော် နိုင်ငံကျော်သည့် မုန့်ဟင်းခါးဆိုင်မှာ အနည်းငယ်သာရှိသည်ကို တွေ့နိုင်သည်။ မုန့်ဟင်းခါးချက်ရာတွင် ဟင်းရည်သည် အဓိကဖြစ်ပြီး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ထောင်မည်ဆိုသည့်နှင့် ရပ်ကွက်အတွင်းတွင် အခြားသော မုန့်ဟင်းခါးဆိုင်နှင့် ဈေးကွက်လုရမည်ဖြစ်သည်။ ဈေးကွက်ဝေစုကိုခွဲ၍ ရောင်းချမည်ဆိုပါကလည်း အကျိုးအမြတ်နည်းပါး၍ ရေရှည်ရပ်တည်ရန် ခက်ခဲတတ်သည်။ ထို့ကြောင့် လုပ်ငန်းတူလျှင် မိမိက ပို၍ထူးခြားအောင် လုပ်ကိုင်နိုင်ရမည် ဖြစ်သည်။ အထူးသဖြင့် ဈေးနှုန်းနှင့် အရည်အသွေးပိုင်းတွင် အခြားသူထက် သက်သာအောင် ကောင်းအောင် ဆောင်ရွက်နိုင်ရမည်။ ဝန်ဆောင်မှုသည် မြန်ဆန်ကောင်းမွန်ရမည်၊ အရည်အသွေးပိုင်းသည်လည်း အခြားသူများထက်သာပြီး ဈေးနှုန်းလည်း သက်သာရမည်ဆိုသည့်အချက်ကို သတိပြုလိုက်နာဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ စတင်ကာစတွင် အမြတ်အစွန်းနည်းပါးနိုင်သည်။ သို့ရာတွင် ရေရှည်တည်တံ့ခိုင်မြဲအောင် စီမံချက်ချမှတ်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ လုပ်ငန်းသေးငယ်သော်လည်း မဟာဗျူဟာစီမံချက် ရှိရမည်ဖြစ်သည်။

နိုင်ငံတကာတွင်သာမက မြန်မာနိုင်ငံတွင်လည်း သေးငယ်သော်လည်း အကျိုးအမြတ်ကောင်းစွာ ရရှိနေသောဆိုင်ငယ်များ အများအပြားရှိကြသည်။ အဆိုပါဆိုင်များကိုကြည့်လျှင်ဝန်ဆောင်မှုကောင်းစွာ ပေးနိုင်သည်။ ဖောက်သည်များကို သေချာဂရုစိုက်သည်။ ဈေးကွက်ကို သေချာစွာတွက်ချက်ဆောင်ရွက်သည်။ စသည့် အရည်အချင်းများ ရှိကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် မိမိလုပ်ငန်းသည် မည်မျှပင်သေးငယ်သည်ဖြစ်စေ၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်လျှင် ကြီးမားလာမည်မှာ သေချာသကဲ့သို့ ဆွေစဉ်မျိုးဆက် ဆက်လက်ထိန်းသိမ်းနိုင်ပါက အဆုံးမဲ့သော စီးပွားရေး လုပ်ငန်းတစ်ခုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ဈေးနှုန်းဈေးကွက်၊ အရည်အသွေးနှင့် ဖောက်သည်များ၏ယုံကြည်မှုကို ရရှိခြင်းတို့သည် အဆုံးမဲ့လုပ်ငန်းကို တည်ဆောက်ရာတွင် လိုအပ်သော အခြေခံအုတ်မြစ်များဖြစ်ကြသည်ဟု တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **quora.com's Chandan Motivation မှ Never Ending Business နှင့် အအိုင် အဖြေများ**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စေတနာကောင်းလျှင် ကံကောင်းမည်

- ကောင်းတာလုပ်လျှင် ကောင်းကျိုးရသမို့
  ဆောင်ရွက်ကြ ကောင်းမှုသာ၊
  မိတ်ပေါင်းဆွေ အချင်းချင်း
  ရိုင်းပင်းကူပါ၊
  စိတ်နှလုံး ဖြူစင်စွာ
  လူ့ဘုံရွာ သာယာရေး၊
  စေတနာ မေတ္တာဓာတ်နှင့်
  မြင့်မြတ်စိတ်မွေး။

- အများလိုအင် ဖြည့်ဆည်းပေးလို့
  မေတ္တာဆေး တိုက်ကျွေးမယ်၊
  ကိုယ့်ဝန်းကျင် ကိုယ့်ဒေသ
  လှပဖို့ရှယ်၊
  အတ္တမာန ဒေါသပယ်
  ချစ်ချင်းတွယ် အမုန်းကင်း၊
  မဟုတ်မမှန် ပြောစကား
  ရှောင်ရှားရင်တွင်း။

- မုဒိတာ နှလုံးသွင်းလို့
  လူအချင်းချင်း ဖေးကူနေ၊
  လမ်းမှားသူ လမ်းမှန်ပြ
  ဘဝလှစေ၊
  မြတ်ဗုဒ္ဓ ကျင့်ထုံးတွေ
  လိုက်နာပေ ပုံမယွင်း၊
  ကိုယ့်ကြောင့်သူ ပျော်ရွှင်မှုကို
  ထုဆစ်ပုံသွင်း။ ။

ချစ်သက်(မြန်မာစာ)

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၄၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၄၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၃၅၀ စိုက်ပျိုးရန် အတွက်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၄၇၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ချောင်းဦး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# နတ်တလင်းမြို့နယ် မြို့ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက်မြို့ကလေးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၂၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာ၌ ချင်းကျောက်မြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျွန်းလှ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် မန်ကျည်းအင်းကျေးရွာအုပ်စု မန်ကျည်းအင်းကျေးရွာ၌ ချင်းကျောက်မြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းနှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မန်ကျည်းအင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ချင်းကျောက်မြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၁ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ချင်းကျောက်မြေခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာလဒုတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

## နိုင်ငံတကာ သတင်းများ

# အမေရိကန်နှင့် တောင်ကိုရီးယား လုံခြုံရေးဆွေးနွေးပွဲ မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဝေဖန်

ပြုံယမ်း နိုဝင်ဘာ ၈

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ နှစ်နိုင်ငံလုံခြုံရေးဆွေးနွေးပွဲများကို မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီး နိုဝန်ချိုလ်က ယနေ့တွင် ဝေဖန်ခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘောတစ်စီး ရောက်ရှိနေမှုကိုလည်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ဝေဖန်ခဲ့ပြီး အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ လုပ်ရပ်များကို ထိထိရောက်ရောက် တုံ့ပြန်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ အနေဖြင့် မြောက်ကိုရီးယားကို စစ်ရေးအရ ဖိအားပေးရန် ပူးပေါင်းကြံစည်နေကြောင်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တောင်ကိုရီးယားနိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဒ်ဆက် လာရောက်ခဲ့ပြီးနောက် မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီး နိုဝန်ချိုလ်၏ တုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တောင်ကိုရီးယား ခရီးစဉ်အတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဒ်ဆက်သည် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ စစ်မဲ့ဇုန်ရှိ ပန်မွန်ဂျုံငြိမ်းချမ်းရေးကျေးရွာသို့ သွားရောက်ခဲ့ပြီး တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးနှင့်လည်း လုံခြုံရေးကဏ္ဍ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

အလားတူ အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် ဂျော့ဝါရှင်တန် လေယာဉ်တင် သင်္ဘောသည်လည်း ယခုရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ ရေမွှေးပုလင်းသိုလှောင်ရုံ မီးလောင်

အင်ကာရာ နိုဝင်ဘာ ၈

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ ရေမွှေးပုလင်း သိုလှောင်ရုံတစ်ရုံ၌ ယနေ့တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လူ ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ရာ ရေမွှေးပုလင်းသိုလှောင်ရုံသည် တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ကိုကေလီပြည်နယ်၌ တည်ရှိသည်။

ရေမွှေးပုလင်း သိုလှောင်ရုံ မီးလောင်မှုအတွင်း လူခြောက်ဦး သေဆုံးခဲ့ရသည့်အပြင် လူတစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

လက်ရှိအချိန်တွင် ရေမွှေးပုလင်းသိုလှောင်ရုံ မီးလောင်မှု ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို တူကီယဲတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ရေမွှေးပုလင်း သိုလှောင်ရုံ မီးလောင်မှုကို မီးသတ်သမားများက အချိန်တစ်နာရီအတွင်းမှာပင် ထိန်းချုပ်နိုင်ခဲ့ကြောင်း တူကီယဲ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှုကြောင့် ရေမွှေးသိုလှောင်ရုံ အဆောက်အအုံ၏ အထပ်ငါးထပ်ပျက်စီးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဘရာဇီးကြက်သားဝယ်ယူတင်သွင်းမှုပိတ်ပင်ရေးစည်းမျဉ်း တရုတ်အစိုးရ ပြန်လည်ရုပ်သိမ်း



ရီယိုဒီဂျနေးရီး နိုဝင်ဘာ ၈

ဘရာဇီးကြက်သားများ ဝယ်ယူတင်သွင်းမှု ပိတ်ပင်ရေးစည်းမျဉ်းအား တရုတ်အစိုးရက ပြန်လည်ရုပ်သိမ်းမှုကို ဘရာဇီးတာဝန်ရှိသူများက နိုဝင်ဘာ ၇ ရက်တွင် ကြိုဆိုစကားပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဘရာဇီးနိုင်ငံ၌ ယခုနှစ် မေလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ဘရာဇီးကြက်သားများ ဝယ်ယူတင်သွင်းမှုကို စတင်ပိတ်ပင်ခဲ့သည်။

သို့ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဘရာဇီးနိုင်ငံက ကြေညာခဲ့ပြီးနောက် တရုတ်အစိုးရက ဘရာဇီးကြက်သားများ ဝယ်ယူတင်သွင်းမှု ပိတ်ပင်ရေးစည်းမျဉ်းကို နိုဝင်ဘာ ၇ ရက်တွင် ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

ဘရာဇီးကြက်သားများ ဝယ်ယူတင်သွင်းမှု ပိတ်ပင်ရေးစည်းမျဉ်းအား တရုတ်အစိုးရက ပြန်လည်ရုပ်သိမ်းမှုကို မိမိတို့ကြိုဆိုကြောင်း ဘရာဇီးအသားထုတ်လုပ်သူများအသင်းက သတင်းထုတ်ပြန်ထားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်၌ ကြက်သားကို အများဆုံးထုတ်လုပ်တင်ပို့ရောင်းချနေသော နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံကမူ ဘရာဇီးကြက်သားကို အများဆုံးဝယ်ယူတင်သွင်းနေသည့် နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလနှင့် မေလကြားကာလအတွင်းဘရာဇီးကြက်သားများကို တန်ချိန် ၂၈၂၀၀၀ထိ ဝယ်ယူတင်သွင်းခဲ့ရာ ဘရာဇီးနိုင်ငံအနေဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာသန်းပေါင်း၅၄၀ကျော်ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အသက် ၁၅ နှစ်အောက်ကလေးများကို လူမှုမီဒီယာ သုံးစွဲမှုပိတ်ပင်ရန် ဒိန်းမတ်အစိုးရ စီစဉ်ထား

ကိုပင်ဟေဂင် နိုဝင်ဘာ ၈



အသက်၁၅နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရန် စီစဉ်ထားကြောင်း ဒိန်းမတ်အစိုးရက နိုဝင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ကလေးငယ်များ လူမှုမီဒီယာသုံးစွဲမှုကို ကန့်သတ်ရန် ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ဆင်က ပြီးခဲ့သည့်လအတွင်းတိုက်တွန်းခဲ့ပြီးနောက် အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန် ဒိန်းမတ်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

အသက်၁၅နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးအစီအစဉ်ကို ဒိန်းမတ်လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီအများစုက သဘောတူထားကြောင်း ဒိန်းမတ်ဒစ်ဂျစ်တယ်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ကာရိုလင်းစတာဂီအော်လ်ဆန်က သတင်းထုတ်ပြန်ထားသည်။

လူမှုမီဒီယာများကို အလွန်အကျွံသုံးစွဲမှုကြောင့် ကလေးများ၏ စိတ်ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာမည့်အရေးကို ဒိန်းမတ်အစိုးရက စိုးရိမ်နေကြောင်း သိရသည်။

ဒိန်းမတ်ကလေးငယ်များ သုံးစွဲမှုအများဆုံးလူမှုမီဒီယာများထဲတွင် Youtube ၊ Instagram ၊ TikTok ၊ Snapchatတို့လည်း ပါဝင်ကြောင်း သိရသည်။

လူမှုမီဒီယာများသည် ဒိန်းမတ်ကလေးငယ်များ၏ အချိန်၊ ကလေးဘဝနှင့်ကျန်းမာရေးတို့ကို ဖျက်ဆီးနေကြောင်း ဒိန်းမတ်ဒစ်ဂျစ်တယ်နည်းပညာဝန်ကြီးက ပြောကြားခဲ့သည်။

Ref : Xinhua
Trs : KKO

# မော်လ်တာနိုင်ငံမှတ်ပုံတင် ရေနံတင်သင်္ဘောတစ်စီးကို ပင်လယ်ဓားပြများရန်မှ ဥရောပသမဂ္ဂရေတပ်သင်္ဘော ကယ်တင်နိုင်ခဲ့

အေသင် နိုဝင်ဘာ ၈

ဆိုမာလီယာနိုင်ငံ ကမ်းလွန်ရေပြင်၌ ပင်လယ်ဓားပြများ တိုက်ခိုက်မှုနှင့် ရင်ဆိုင်နေရသည့် ရေနံတင် သင်္ဘောတစ်စီးကို ဥရောပသမဂ္ဂ ရေတပ်သင်္ဘောတစ်စီးက နိုဝင်ဘာ ၇ ရက်တွင် ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂရေတပ်သင်္ဘောက ပင်လယ်ဓားပြရန်မှကယ်တင်နိုင်ခဲ့သော ရေနံတင်သင်္ဘောမှာ မော်လ်တာနိုင်ငံမှတ်ပုံတင် အဲလပ်စ်အဖရိုဒိုက်အမည်ရှိ ရေနံတင်သင်္ဘောဖြစ်သည်။

ပင်လယ်ဓားပြများသည် နိုဝင်ဘာ ၆ ရက်တွင် အဲလပ်စ်အဖရိုဒိုက် ရေနံတင်သင်္ဘောပေါ်သို့ တက်ရောက် စီးနင်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ယင်းရေနံတင်သင်္ဘောပေါ် လိုက်ပါလာသည့် ရေယာဉ်ဝန်ထမ်း ၂၄ ဦးတို့မှာ ဘေးကင်း လုံခြုံသောနေရာ၌ ခိုအောင်းနေနိုင်မှုကြောင့် ဘေးအန္တရာယ်မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရေနံတင်သင်္ဘောကို ဥရောပသမဂ္ဂ ပင်လယ်ဓားပြတိုက်ဖျက်ရေးမစ်ရှင်က စေလွှတ်ခဲ့သည့် ဖရီးဂိတ်စစ်သင်္ဘောတစ်စီးက နိုဝင်ဘာ ၇ ရက်တွင် ကယ်တင်နိုင်ခဲ့ကြောင်း ဥရောပသမဂ္ဂက သတင်းထုတ်ပြန်ထားသည်။

ဥရောပသမဂ္ဂ ရေတပ်သင်္ဘောမရောက်မီမှာပင် ပင်လယ်ဓားပြများအနေဖြင့် အဲလပ်စ်အဖရိုဒိုက် ရေနံတင်သင်္ဘောကို စွန့်ခွာသွားကြောင်း ဥရောပသမဂ္ဂ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံ အခြေစိုက် ULC ကုမ္ပဏီက Viasat-3 F2 အမည်ရှိ ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထား



ဝါရှင်တန် နိုဝင်ဘာ ၈

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance(ULC) ကုမ္ပဏီသည် Viasat-3 F2 အမည်ရှိ ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

မူလက ULC ကုမ္ပဏီသည် Viasat-3 F2 ဂြိုဟ်တုကို နိုဝင်ဘာ ၆ ရက်တွင် အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အက်တလပ်စ်-၅ ဒုံးပျံနည်းပညာပြဿနာတစ်ရပ်ကြောင့် Viasat-3 F2 ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း ULC ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Viasat-3 F2 ဂြိုဟ်တုကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်အချိန်ကို ULC ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

ULC ကုမ္ပဏီသည် အဆိုပါဂြိုဟ်တုကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ ULC ကုမ္ပဏီသည် လက်ရှိအချိန်ထိ အက်တလပ်စ်-၅ ဒုံးပျံမစ်ရှင်ပေါင်း ၁၀၀ ကျော်ထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တီယန်ဝန်-၁ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်က 31/ATLAS ကြယ်တံခွန်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ပေကျင်း နိုဝင်ဘာ ၈

တရုတ်နိုင်ငံ၏ တီယန်ဝန်-၁ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်သည် 31/ATLASကြယ်တံခွန်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

31/ATLAS ကြယ်တံခွန်သည် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ၎င်းကြယ်တံခွန်ကို တီယန်ဝန်-၁ အာကာသယာဉ်က ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တီယန်ဝန်-၁ အာကာသယာဉ်အနေဖြင့် 31/ATLAS ကြယ်တံခွန်ကို အောက်တိုဘာ ၁ ရက်နှင့် ၄ ရက်ကြား ကာလများအတွင်း HiRIC အမည်ရှိ ကင်မရာစနစ်နှင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တီယန်ဝန်-၁ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်သည် တစ်နာရီလျှင် မိုင် ၁၂၉၈၀၀ နှုန်းဖြင့် ပျံသန်းနေသော 31/ATLAS ကြယ်တံခွန်ကို မိုင်ပေါင်း ၁၈ သန်းအကွာမှ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။



တီယန်ဝန်-၁ အာကာသယာဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## QPS-SAR-14 ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီက လွှတ်တင်



တိုကျို နိုဝင်ဘာ ၈

ဂျပန်နိုင်ငံအခြေစိုက် အိုင်ကျူပီအက်ကုမ္ပဏီ၏ QPS-SAR-14 အမည်ရှိ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီက နိုဝင်ဘာ ၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

QPS-SAR-14 ဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် Rocket Lab ကုမ္ပဏီက လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၅၀ အကြာတွင် အီလက်ထရွန်ဒုံးပျံသည် QPS-SAR-14 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၅၇ မိုင်အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

QPS-SAR-14 ဂြိုဟ်တုသည် Rocket Lab ကုမ္ပဏီက အိုင်ကျူပီအက်ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သည့် ဆဌမမြောက်ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုဖြစ်သည်။

အိုင်ကျူပီအက်ကုမ္ပဏီသည် ၎င်း၏ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုကွန်ရက်ကို QPS-SAR ဂြိုဟ်တု ၃၆ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားသည်။

QPS-SAR-14 ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၆ ကြိမ်မြောက် Rocket Lab မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တစ်ရက်လျှင် တစ်နာရီမျှ ဆူညံသံများနှင့် ထိတွေ့ရပါက ပါကင်ဆန်ရောဂါပိုမိုဆိုးရွားလာနိုင်

ပေကျင်း နိုဝင်ဘာ ၈

တစ်ရက်လျှင် တစ်နာရီမျှ ဆူညံသံများနှင့် ထိတွေ့နေခဲ့ရပါက ပါကင်ဆန်ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

တရုတ်သုတေသန ပညာရှင်များသည် ပါကင်ဆန်ရောဂါရှိနေသော ကြွက်များကို ဒက်ဆီဘယ် ၈၅ နှင့် ၁၀၀ ကြားရှိ ဆူညံသံများပေး၍ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

အထက်ပါ ဆူညံသံများနှင့် တစ်နာရီမျှထိတွေ့ပြီးသည့်နောက်တွင် ကြွက်များ၏ ပါကင်ဆန်ရောဂါလက္ခဏာများ ပိုဆိုးလာသည်ကို တွေ့ရကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသံများကို စိစစ်ပေးသည့် Colliculus ခေါ် ဦးနှောက်အစိတ်အပိုင်းသည် ပါကင်ဆန်ရောဂါကြောင့် ပျက်စီးသွားတတ်သော ဒိုပါမိုင်း ဟော်မုန်းထုတ်ဦးနှောက်နယ်မြေနှင့်ချိတ်ဆက်နေကြောင်း သိရသည်။

ပါကင်ဆန်ရောဂါသည် ဒိုပါမိုင်းဟော်မုန်း ထုတ်ပေးသည့် ဦးနှောက်ဆဲလ်များသေဆုံးပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့် အာရုံနာ့ဗ်ဆဲလ်စနစ်ရောဂါဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပါကင်ဆန်ရောဂါလက္ခဏာ ပိုမိုဆိုးရွားလာမှုသည် ဆူညံသံများဖြင့် ထိတွေ့ခြင်းအပြင် ပတ်ဝန်းကျင်နောက်ခံ အကြောင်းတရားများလည်း ပါဝင်ပတ်သက်နေနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## အိပ်ရေးပျက်မှုပြဿနာကြောင့် မီလာတိုနင်ဟော်မုန်းဖြည့်စွက်ဆေး သုံးစွဲနေကြရသူများတွင် နှလုံးကျန်းမာရေးပြဿနာဖြစ်ပေါ်လာနိုင်

နယူးယောက် နိုဝင်ဘာ ၈

အိပ်ရေးပျက်မှု ပြဿနာကြောင့် မီလာတိုနင်ဟော်မုန်းဖြည့်စွက်ဆေးများ သုံးစွဲနေကြရသူများတွင် နှလုံးကျန်းမာရေး ပြဿနာ ဖြစ်ပေါ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အိပ်မရနိုင်မှုပြဿနာကြောင့် မီလာတိုနင် ဟော်မုန်းဖြည့်စွက်ဆေးများကို တစ်နှစ်ကြာသုံးစွဲခဲ့သူများ၌ နောင်တစ်ချိန်တွင် နှလုံးခုန်ရုတ်တရက် ရပ်တန့်မှုပြဿနာ ပေါ်လာနိုင်ခြေ ၉၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်မရနိုင်မှုပြဿနာကို ကုသရာတွင် မီလာတိုနင်ဟော်မုန်းကို ဘေးကင်းလုံခြုံမှုရှိသော သဘာဝကုထုံးအဖြစ်အများကလက်ခံထားသော်လည်း ၎င်းဟော်မုန်းဖြည့်စွက်ဆေးများ၌ဘေးထွက်ဆိုးကျိုးများရှိနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

မီလာတိုနင်ဟော်မုန်းသည် လူ့ခန္ဓာကိုယ်အတွင်း သဘာဝအလျောက် ပေါ်ထွက်တတ်သည့် ဟော်မုန်းတစ်မျိုးဖြစ်ပြီး အိပ်စက်ချိန်နှင့် နိုးထချိန်တို့ကို ထိန်းညှိပေးသော ဟော်မုန်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO








# ၂၀၂၅ ဖီဖာ တစ်နှစ်တာအကောင်းဆုံးဆုများအတွက် ဆန်ခါတင်စာရင်းများ အသီးသီးထုတ်ပြန်

**ဇူးရစ် နိုဝင်ဘာ ၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၅ ဖီဖာ တစ်နှစ်တာအကောင်းဆုံးဆုများအတွက် ဆန်ခါတင်စာရင်းများကို နိုဝင်ဘာ ၇ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ဖီဖာတစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဒမ်ဘီလီ၊ ဟာကီမီ၊ ဟယ်ရီကိန်း၊ အမ်ဘက်ပီ၊ မန်ဒက်၊ ပယ်မာ၊ ပက်ဒရီ၊ ဆာလာဟ်၊ ရာဖင်ဟာ၊ ဗီတင်ဟာ၊ လမိုင်းယာမယ်တို့ပါဝင်လာခဲ့ပြီး ပီအက်စ်ဂျီအသင်းမှ ကစားသမားလေးဦးထိ ပါဝင်လာခဲ့သည်။

၂၀၂၅ ဖီဖာတစ်နှစ်တာအကောင်းဆုံး အမျိုးသားအသင်းနည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင်လည်း အင်္ဂီရီ၊ အာတီတာ၊ အင်းနရစ်၊ ဟန်ဆီဖလစ်၊ မာရက်စ်ကာ၊ မာတီနက်၊ အာနီစလော့၊ ၂၀၂၅ တစ်နှစ်တာ အကောင်းဆုံးဂိုးသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် ဘက်ကာ၊ ကော့တွိုက်၊ ဒွန်နာရမ်မာ၊ အီမီလီနိုမာတီနက်၊ နူအာ၊ ရိုင်ယာ၊ ဆွမ်မာ၊ ဆက်ဆနီ၊ တစ်နှစ်တာ အကောင်းဆုံးအမျိုးသမီး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် ဘယ်တီမိုရီ၊ ဂျော်ရန်၊ ဘွန်မာတီ၊ ဘရွန်ဇီ၊ ကယ်ဒန်တီ၊ ရှာဝင်ဂါ၊ ဒီယာနီ၊ ဒူမိုနီ၊ ဂူရီဂျာရို၊ ဟက်၊ ဂျိမ်းစ်၊ ကယ်လီ၊ ပါဂျော်၊ ပီနာ၊ ပူတဲလက်၊ ရူဆို၊ ဝီလီယံဆွန်၊ ၂၀၂၅ ဖီဖာ တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးအသင်း နည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင် ဘွန်ပက်စတို၊ ဂီယာဒက်၊ ဟီနက်၊ ဆီလက်ဂါ၊ ဝှစ်မန်းတို့ ပါဝင်ခဲ့ကြသည်။



၂၀၂၅ ဖီဖာတစ်နှစ်တာအကောင်းဆုံးဆုများကို ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် ဖီဖာ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် နိုဝင်ဘာ ၂၈ ရက်ထိ မဲပေးနိုင်မည်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပသွားမည်ဟု ဖီဖာမှထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# အေဗီလာအသင်းက ကွင်းလယ်ကစားသမား ရော်ဂျာကို ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သက်တမ်းတိုး

**လန်ဒန် နိုဝင်ဘာ ၈**

အေဗီလာအသင်းသည် ဥရောပထိပ်သီးအသင်းများက စိတ်ဝင်စားနေသည့် ကွင်းလယ်တိုက်စစ်ကစားသမား ရော်ဂျာကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့သည်။

အေဗီလာအသင်း အနေဖြင့် ရော်ဂျာကို နွေရာသီအပြောင်းအရွှေ့ကာလက အသင်းပြောင်းရွှေ့ခွင့်ပြုထားသော်လည်း ကစားသမားအနေဖြင့် အေဗီလာအသင်းတွင် ပျော်ရွှင်နေသောကြောင့် အသင်းက လုပ်ခလစာတိုးမြှင့်ကာ သက်တမ်းတိုးရန် ကမ်းလှမ်းလာချိန်တွင် သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရော်ဂျာသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် ပုံစံကောင်းပျောက်ဆုံးခဲ့သဖြင့် ပြိုင်ပွဲစုံ ၁၅ ပွဲတွင် ၎င်းသည် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့သော်လည်း အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့ရာတွင် ဝေးလ်အသင်းနှင့်ပွဲစဉ်၌ ၎င်း၏စွမ်းဆောင်ရည်ကို ပြန်လည်ပြသနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံတွင် ဂိုးပါဝင်ပတ်သတ်မှုအကြိမ်ရေ ၃၀ ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်နိုင်ခဲ့ပြီး လက်ရှိတွင် အေဗီလာအသင်းအနေဖြင့် ရမှတ် ၁၅ မှတ်သာ ရရှိထားပြီး အသင်းတိုက်စစ်ပိုင်းက အမှတ်ပေးပွဲ ၁၀ ပွဲတွင် ရမှတ် ကိုးမှတ်သာ ရရှိခဲ့သောကြောင့် အနာဂတ် အလားအလာကောင်းသည့် ကစားသမားများကို သက်တမ်းတိုးရန် စီစဉ်ခဲ့ကာ ရော်ဂျာနှင့် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**




# လီဗာပူးအသင်းက ဆိုဘော့ဇလိုင်ကို စာချုပ်သက်တမ်းတိုးရန်ပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၈**

လီဗာပူးအသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဆိုဘော့ဇလိုင်ကို ကာလရှည် ဆက်လက် ထိန်းသိမ်းလိုသောကြောင့် စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဆိုဘော့ဇလိုင်သည် နည်းပြအာနီစလော့၏ ကစားကွက်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်နေကာ ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲအားလုံးတွင် ပါဝင်ခွင့်ရခဲ့ပြီး ဂရာဗန်ဘာ့ချ်၊ အယ်လစ်စတာတို့နှင့်တွဲဖက်ကာ ခံစစ်၊ တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းကိုစာချုပ်သက်တမ်းတိုးရန် စတင်ဆွေးနွေးမှု ပြုလုပ်လျက်ရှိသည်။

ဆိုဘော့ဇလိုင်သည် လီဗာပူးအသင်းနှင့် ပါဝင်ခဲ့သည့်ပွဲစဉ်တိုင်းတွင် စွမ်းဆောင်ရည်ကောင်းပြသနိုင်ခဲ့သူဖြစ်သော်လည်း နွေရာသီအပြောင်းအရွှေ့ကာလက ခေါ်ယူထားသည့် ဖလိုရီယန်ဝစ်မှာ ပုံစံကောင်းရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

ထို့ကြောင့် အသင်းတာဝန်ရှိသူများက လက်ရှိတစ်ပတ်လုပ်ခလစာ ၂၇၀၀၀၀ ရရှိနေသည့် ဆိုဘော့ဇလိုင်ကို သက်တမ်းတိုးရန် ဆွေးနွေးခဲ့ပြီး ၎င်းနှင့်အတူ အသင်းဖော်ကစားသမား ဂရာဗန်ဘာ့ချ်ကိုလည်း သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ကာ အဆိုပါကစားသမားနှစ်ဦးစလုံးသည် ၂၀၂၈ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲကစားအပြီးတွင် ရမှတ် ၁၈ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၃)ရောက်ရှိနေသော်လည်း အဆင့်(၁)မှ အာဆင်နယ်အသင်းနှင့် ရမှတ်ခုနစ်မှတ် ကွာဟနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ONE Fight Night 37 ၏ Main Event ဖြစ်သည့် ဟဲဗီးဝိတ်တန်း ကစ်ဘောက်ဆင်ချန်ပီယံပွဲစဉ်၌ ဆာမက်က ရိုမန်ကို အနိုင်ရရှိ

**ဗန်ကောက် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ONE Fight Night 37 ၏ Main Event ဖြစ်သည့် ဟဲဗီးဝိတ်တန်းကစ်ဘောက်ဆင်ချန်ပီယံပွဲစဉ်၌ တူကီယဲကစ်ဘောက်ဆင်ကစားသမား ဆာမက်နှင့် ယူကရိန်းကစ်ဘောက်ဆင်ကစားသမားရိုမန်တို့ ထိုးသတ်ခဲ့ရာ ဆာမက်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။




Main Event ဖြစ်သလို ချန်ပီယံစိန်ခေါ်ပွဲဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့ပြီး အသက် ၂၁ နှစ်အရွယ် ဆာမက်အနေဖြင့် အသက် ၃၄ နှစ်အရွယ် ဝါရင့်ကစားသမားကြီးရိုမန်အား အသာစီးထိုးသတ်အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ဆာမက်သည် ပရော်ဖက်ရှင်နယ် ကစ်ဘောက်ဆင်လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲပေါင်း ၁၆ ပွဲထိုးသတ်ခဲ့ရာတွင် ရှုံးပွဲမရှိသေးသည့် ကစ်ဘောက်ဆင်ကစားသမားတစ်ဦး ဖြစ်ကြောင်း သိရသည်။

ဆာမက်က “ကျွန်တော့်အသက် ၂၁ နှစ်ပဲ ရှိသေးတယ်။ ဒါပေမဲ့လဲ ကမ္ဘာ့ချန်ပီယံတစ်ယောက် ဖြစ်လာပြီ။ အံ့ဩဝမ်းသာလွန်းလို့ ဘယ်လိုစကားလုံးမျိုးနဲ့ ဝမ်းသာဂုဏ်ယူမှုကို ဖော်ပြရမလဲ စကားလုံးရှာမရဘူး။ ဒီအောင်ပွဲဟာ ကျွန်တော့်အမေအတွက်ပါ။ အမေဟာ ဆေးရုံမှာ ကင်ဆာရောဂါကြောင့်ဆေးကုသမှုခံယူနေရတယ်။ အဲဒီအချိန်မှာ အမေ ကျွန်တော့်ကို ပြောတဲ့စကားက ဒီပွဲမှာ သေချာပေါက်နိုင်အောင် လုပ်ပြရမယ်တဲ့။ အခု ကျွန်တော်လုပ်နိုင်ခဲ့ပြီအမေ။ အမေ့အတွက် သားချန်ပီယံခါးပတ်ကို ယူနိုင်ခဲ့တာပါ”ဟု ပြောကြားခဲ့သည်။

ရိုမန်သည်လည်း ဝါရင့်ကစ်ဘောက်ဆင်ကစားသမားဖြစ်သလို စိန်ခေါ်ပွဲပေါင်း ၆၀ ထိ ထိုးသတ်ထားသူဖြစ်ပြီး နိုင်ပွဲ ၅၁ ပွဲထိ အနိုင်ရရှိထားသူဖြစ်ကာ အကောင်းဆုံးကစ်ဘောက်ဆင် ကစားသမားစာရင်းဝင်တစ်ဦး ဖြစ်ကြောင်း သိရသည်။

**Ref : ONE FC**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းသည် ဆန်ချိုကို အေဗီလာအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ထားသော်လည်း စာချုပ်ကုန်ဆုံး၍ အသင်းနှင့် ပြန်လည်မပူးပေါင်းပါက အလွတ်ပြောင်းရွှေ့ခွင့်ပြုရန် ဆုံးဖြတ်ထားသည်။
- အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား ဂျာဗီဂွါရာကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့် ကမ်းလှမ်းလာပါက ဗလင်စီယာအသင်းက ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။
- အေတီကိုအသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို ဘာစီလိုနာအသင်းက ခေါ်ယူရန်ငြင်းဆိုခဲ့ပြီးနောက် ကစားသမားအနေဖြင့် အေတီကိုအသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML

# ONE Fight Night 132 ပြိုင်ပွဲတွင် စိုးနောင်ဦးနှင့် ဘရော်နီကာတို့ နိုင်ပွဲရရှိခဲ့ပြီး သန့်ဇင် ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်




**ရန်ကုန် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၇ ရက် ညပိုင်းက ကျင်းပခဲ့သည့် ONE Fight Night 132 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စိုးနောင်ဦး၊ ဘရော်နီကာတို့ နိုင်ပွဲရရှိခဲ့ကြပြီး သန့်ဇင်အနေဖြင့် ပြိုင်ဘက်ဖိုက်တာကို ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် သန့်ဇင်အနေဖြင့် ထိုင်းဖိုက်တာဖြစ်သည့် ခွန်ပေါင်နိုင်နှင့် ထိုးသတ်ခဲ့ရာ အလဲထိုးရလဒ် ထွက်ပေါ်ခြင်းမရှိခဲ့သည့်အတွက် ဒိုင်အမှတ်ဆုံးဖြတ်ချက်ခံယူခဲ့ရာတွင် ဒိုင်သုံးဦးစလုံးက ထိုင်းဖိုက်တာ ခွန်ပေါင်နိုင်ကို အနိုင်ရလဒ် ပေးခဲ့ခြင်းဖြစ်သောကြောင့် သန့်ဇင်အနေဖြင့် ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

အလားတူ စိုးနောင်ဦးသည် အဆိုပါပြိုင်ပွဲတွင် ထိုင်းဖိုက်တာဖြစ်သည့် မိုင်ဆန်ဂျရင်းနှင့် ထိုးသတ်ခဲ့ရာတွင် သုံးချီထိ ထိုးသတ်ခဲ့ရာ၌ အလဲထိုးရလဒ် ထွက်ပေါ်ခဲ့ခြင်းမရှိသည့်အတွက် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်ခံယူခဲ့ရာတွင် ဒိုင်လူကြီးသုံးဦးစလုံးက စိုးနောင်ဦးကို အနိုင်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် စိုးနောင်ဦးက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အဆိုပါပြိုင်ပွဲတွင် ဒုတိယခေါင်ပွဲစဉ်အဖြစ်ထိုးသတ်ခဲ့သည့် ဘရော်နီကာသည် တရုတ်ဖိုက်တာ လီမင်ဂူရီနှင့် ထိုးသတ်ခဲ့ရာတွင်လည်း သုံးချီစလုံး အသာစီးထိုးသတ်နိုင်ခဲ့ကာ ဒိုင်လူကြီးများ၏ အဆုံးအဖြတ်ခံယူရာတွင် ဒိုင်လူကြီးသုံးဦးအနက် တစ်ဦးက အရှုံးသတ်မှတ်ခဲ့ပြီး ကျန်နှစ်ဦးက အနိုင်ရလဒ် သတ်မှတ်ပေးခဲ့သည့်အတွက် ဘရော်နီကာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# အင်္ဂလန်အသင်း၏ အပြီးသတ် ကစားသမားစာရင်းကို နည်းပြတူချယ်က ထုတ်ပြန်ကြေညာခဲ့ရာ ဘယ်လင်ဟမ် ပြန်လည်ပါဝင်လာ

**လန်ဒန် နိုဝင်ဘာ ၈**

အင်္ဂလန်အသင်းနည်းပြ တူချယ်က ယခုလအတွင်းကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်များအတွက် အသင်း၏ အပြီးသတ် ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာ အဓိက ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် ပြန်လည်ပါဝင်လာခဲ့ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ဘောလုံးရာသီအကုန် ဇွန်လက ကာလရှည်ခံစားနေရသည့် ပခုံးဒဏ်ရာ ခွဲစိတ်ကုသမှုလုပ်ဆောင်ခဲ့ရသောကြောင့် ကာလရှည်အနားယူခဲ့ရပြီး ရီးရဲလ်မက်ဒရစ်အသင်း၏ပွဲစဉ်များအပြင် အင်္ဂလန်အသင်းနှင့် နိုင်ငံတကာပွဲစဉ်များကိုပါ လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သော်လည်း ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခုအခါ ကြွခိုင်မှုအပြည့်အဝ ပြန်လည်ရရှိခဲ့သည့်အတွက် အင်္ဂလန်အသင်း ကစားသမားစာရင်းတွင် ပြန်လည်ပါဝင်လာခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်မပြီးဆုံးမီ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်ပြီး လက်ကျန်အုပ်စုပွဲစဉ်များအဖြစ် ယခုလအတွင်း ဆားဘီးယားအသင်း၊ အယ်ဘေးနီးယားအသင်းတို့နှင့်ကစားရမည်ဖြစ်သည်။

အင်္ဂလန်အသင်း ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ဒိန်းဟတ်ဒါဆန်၊ ဂျော်ဒန်ပစ်ဖို့ဒ်၊ နစ်ပိုပီ၊ ခံစစ်ကစားသမားနေရာတွင် ဒန်းဘန်း၊ မက်ဂူဟီ၊ ရီစီဂျိမ်း၊ ကွန်ဆာ၊ နီကိုအိုရီလီ၊ ကွန်ဆက်၊ စပန့်ခ်၊ ဂွါန်စတုန်း၊ ကွင်းလယ်ကစားသမားနေရာတွင် အန်ဒါဆန်၊ ဘယ်လင်ဟမ်၊ ဂျော်ဒန်ဟန်ဒါဆန်၊ ဒီကလန်ရိုက်စ်၊ မော်ဂန်ရော်ဂျာ၊ အဲလက်စကေ့၊ ဝါတန်၊ တိုက်စစ်ကစားသမားနေရာတွင် ဘိုဝင်၊ အီဇီ၊ ဖိုဒန်၊ ဂေါ်ဒွန်၊ ဟယ်ရီကိန်း၊ ရက်ရှ်ဖို့ဒ်၊ ဆာကာတို့ပါဝင်လာခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မန်ယူအသင်းမှထွက်ခွာမည့် ကိုဘီမိုင်နူးကို ဝက်စ်ဟမ်းအသင်းက ပွဲထွက်ခွင့်ပေးမည့် အာမခံချက်ဖြင့် ခေါ်ယူရန်ကမ်းလှမ်း

**မန်ချက်စတာ နိုဝင်ဘာ ၈**

ဝက်စ်ဟမ်းအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာမည့် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို ပွဲထွက်ခွင့်ပေးမည့် အာမခံချက်တစ်ရပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကိုဘီမိုင်နူးသည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး နည်းပြဟောင်း တန်ဟတ်လက်ထက်က အသင်းကြီးတွင် စတင်ပါဝင်ကစားခွင့်ရရှိခဲ့ကာ အဓိက ကစားသမားတစ်ဦးအဖြစ် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီတွင် ပါဝင်ကစားခဲ့ရသူဖြစ်သည်။




သို့သော် လက်ရှိမန်ယူအသင်းနည်းပြအာမိုရင်လက်အောက်တွင် ကိုဘီမိုင်နူးအနေဖြင့် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ပြီး နည်းပြအာမိုရင်က အသင်းကွင်းလယ်ပိုင်းတွင် ဖာနန်ဒက်နှင့် ကက်စ်မဲရိုးတို့ကို အဓိကအသုံးပြုနေပြီး ကိုဘီမိုင်နူးကိုတတိယဦးစားပေးကစားသမားအဖြစ်သာ အသုံးပြုနေခြင်းဖြစ်သည်။

ကိုဘီမိုင်နူးသည် နည်းပြအာမိုရင်လက်အောက်တွင် ပွဲထွက်ခွင့်မရရှိခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ်သာ ကစားခွင့်ရရှိနေသည့်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်ပြီး မန်ယူအသင်းကလည်း အငှားစာချုပ်ဖြင့် စေလွှတ်သွားဖွယ်ရှိနေသည်။

ဝက်စ်ဟမ်း အသင်းကလည်း ရာသီအစပိုင်းကတည်းက ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ကာ နည်းပြသစ်အဖြစ် နူနိုဆန်းတိုစ်ကို ခန့်အပ်ထားပြီး အသင်းရလဒ်များ ပြန်လည်ကောင်းမွန်လာရန်အတွက် နည်းပြနူနိုဆန်းတိုစ် စိတ်ကြိုက်ကစားသမား ခေါ်ယူပေးသွားမည်ဖြစ်သောကြောင့် လက်ရှိတွင် နည်းပြနူနိုဆန်းတိုစ် အလိုရှိနေသည့် ကိုဘီမိုင်နူးကိုခေါ်ယူရန် စတင်ကြိုးပမ်းနေပြီး အခြားအသင်းများထက် လက်ဦးမှုရယူပြီး ခေါ်ယူနိုင်ရန် ပွဲထွက်ခွင့်ပေးမည့်အာမခံချက်ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# WTA Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဆာဘာလင်ကာ တက်ရောက်

**ရီယာ့ဒ် နိုဝင်ဘာ ၈**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပပြုလုပ်နေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ် အန်နီစီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃၊ ၃-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် တင်းနစ်ရာသီတွင် အကောင်းဆုံးပုံစံများ ပြသနေသည့် ဆာဘာလင်ကာနှင့် အန်နီစီမိုဗာတို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ဆာဘာလင်ကာ အနေဖြင့်လည်း ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ထိုက်တန်နေဆဲဖြစ်ကြောင်း ပြသနိုင်ခဲ့သည်။

ဂရန်းစလန်းဆုဖလား လေးလုံးထိ ရရှိထားသည့် ဆာဘာလင်ကာသည် ဆီမီးဖိုင်နယ်အဆင့်၏ ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်ရှုံးနိမ့်ခဲ့ရပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဆာဘာလင်ကာက “ဒီပွဲစဉ်မှာ ကျွန်မအနေနဲ့ ရှုံးနိမ့်သွားခဲ့မယ်ဆိုရင်တောင် ဝမ်းမနည်းပါဘူး။ ဘာလို့လဲဆိုတော့ အကောင်းဆုံးပွဲတစ်ပွဲကို ကစားနိုင်ခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်မတို့နှစ်ယောက်စလုံး ဆီမီးဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့စွမ်းဆောင်ရည်ဟာ ဗိုလ်လုပွဲအဆင့်ကိုတက်ရောက်ဖို့ ထိုက်တန်ကြပါတယ်။ ဒါကြောင့်မလို့ ဘယ်သူပဲနိုင်နိုင်၊ ဘယ်သူပဲရှုံးရှုံး ရလဒ်နဲ့ပတ်သက်ပြီး နှစ်ယောက်စလုံး ဝမ်းနည်းကြမှာ မဟုတ်ဘူးဆိုတာကို ကျွန်မအာမခံပါတယ်”ဟု ပြောကြားခဲ့သည်။

ဆာဘာလင်ကာသည် ဗိုလ်လုပွဲအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : AZL

# Toto Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အရာကီနှင့် ဟာတာအိုကာတို့ ပူးတွဲဦးဆောင်

**အိုမီတာမာ နိုဝင်ဘာ ၈**

ဂျပန်နိုင်ငံ အိုမီတာမာမြို့တွင် ကျင်းပပြုလုပ်နေသည့် Toto Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်မယ်များ ဖြစ်ကြသည့် အရာကီနှင့် ဟာတာအိုကာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်မယ်တစ်ဦးဖြစ်သည့်ယာမာရှီတာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဂျပန်ဂေါက်သီးရိုက်မယ်တစ်ဦးဖြစ်သည့် ဆာကူမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဂျပန် ဂေါက်သီးရိုက်မယ်များ အထူးလက်စွမ်းပြနေပြီး အမှတ်ပေးဇယား၏ အဆင့်(၁၀)အတွင်း အနက် ကိုးဦးမှာ ဂျပန်ဂေါက်သီးရိုက်မယ်များဖြစ်ကြပြီး တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ရှင်ဂျီယိုင်တစ်ဦးသာ ပါဝင်လျက်ရှိသည်။

အမှတ်ပေးဇယား အဆင့်(၁၀)အတွင်း ဂျပန်ဂေါက်သီးရိုက်မယ်မဟုတ်သည့် တစ်ဦးတည်းသောနိုင်ငံခြားသား ပြိုင်ပွဲဝင်ဖြစ်နေသည့် ရှင်ဂျီယိုင်က “ဒုတိယနေ့ထိ အကောင်းဆုံး ကစားနိုင်ခဲ့ပေမဲ့လဲ တတိယနေ့မှာတော့ ရလဒ်တွေကျဆင်းခဲ့ရတယ်။ လေတိုက်နှုန်းတွေမြင့်မားနေတဲ့အတွက် ကစားရတာခက်ခဲခဲ့ပါတယ်။ ဒါကြောင့်လဲ တတိယနေ့မှာ သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ခဲ့တဲ့အတွက် အမှတ်ပေးဇယားအဆင့်(၆)လောက်ထိ ရောက်သွားခဲ့တယ်။ နောက်ဆုံးနေ့မှာတော့ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

စံမြတ်ဘုန်း(စစ်ကိုင်း)

လူတစ်ဦး၏ ဘဝအခြေခိုင်ခံ့ရေး ပညာရေးသည် အဓိကကျသကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာအရင်းအနှီးဖြင့် လိုချင်မှုဟူသမျှကို သင့်တင့်သောစိတ်ပိုင်းဖြတ်မှုဖြင့် ထိန်းသိမ်းနိုင်သည်။ မလိုချင်မှုကိုလည်း သင့်တင့်သောစိတ်ဖြင့် လက်ခံသွားနိုင်သည်။ ပညာရေးသည် လွန်စွာအရေးကြီးသော ဘဝအခက်အခဲများကို တားဆီး၊ ကျော်လွှားနိုင်ခြင်းကြောင့် ပညာဥစ္စာမြှုပ်နှံရေး အားပေးဆောင်ရွက်ခြင်းဖြစ်သည်။ စာသင်ကျောင်းပညာရေးကို အားပေးခြင်းသည် ဘဝကို ပိုမိုတောက်ပအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပညာသင်ခါမရှက်ရာဆိုစကားသည် မှန်ကန်သော ဆုံးမသွန်သင်မှုဖြစ်သဖြင့် အရွယ်မရွေး အလေးအမြတ်ပြုရမည့်အချက်ပင်ဖြစ်သည်။

ပညာဟူသည် ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းအားပင်ဖြစ်ပေသည်။ လူမှုနယ်ပယ်အတွင်း မှန်ကန်သောတွေးမြင်သုံးသပ်မှု လိုအပ်သည်။ လောကသဘာဝ၏ အခြေအနေနှင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာအုတ်မြစ်ခိုင်မာတောင့်တင်းမှသာ ဘဝရပ်တည်မှု မှန်ကန်တည့်မတ်မည်ဖြစ်သည်။ ပညာရေးကိုအခြေခံသော လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရလေ့ရှိသည်။ လဲပြိုမှုကိုထူမတ်နိုင်မည့် သိမြင်မှုဖြစ်သဖြင့် အကောင်းနှင့်အဆိုးကို ကောင်းစွာဝေဖန်နိုင်စေသည်။ အတန်းပညာအဆင့်ဆင့်သင်ကြားခြင်းမှတစ်ဆင့် တိုးတက်ပြောင်းလဲလာသော ကောင်းကျိုးဆိုးပြစ်ဝေဖန်နိုင်စွမ်းအားပိုမိုကောင်းမွန်လာစေသည်။ တာဝန်များ၊ အလုပ်များမှန်ကန်တည့်မတ်စေပြီး ဘဝတည်ငြိမ်စေသည့် ပညာသင်ကြားခြင်းတွင် အားလုံးပါဝင်ကြရမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းသောဘဝရရှိရေး ပညာသင်ကြားရမည်ဖြစ်သည်။ ပညာရေးအဆင့်အတန်းမြင့်မားမှုအလိုက် ဘဝရပ်တည်ရေး အရေးပါသည့် လုပ်ခလစာရရှိမှုသည်လည်း ကွာဟနေမည်ဖြစ်သည်။ ပညာအရင်းအနှီးဖြင့် ငွေရှာဖွေနိုင်သကဲ့သို့ အလုပ်ကောင်းကိုလည်း ရွေးချယ်နိုင်သည်။ ပညာတတ်သူနှင့် ပညာမတတ်သူများ၏ဘဝကို ယှဉ်ကြည့်၍ သိနိုင်ပေသည်။ ခြွင်းချက်အားဖြင့် အချို့သောအောင်မြင်နေသူများသည် အတန်းပညာနှင့် ဝေးကွာခဲ့ရသော်လည်း စာဖတ်ကြသည်။ စာမျိုးစုံဖတ်၍ ဘဝအသိပညာတိုးအောင် ဆောင်ရွက်ကြသည်။ အခက်အခဲများ၏အဖြေများကို စာအုပ်ပုံကြားတွင် ရှာဖွေကြသည်။ သို့ဖြစ်၍ အတိုင်းအတာတစ်ခုထက် သာလွန်သောအောင်မြင်မှုကို ရရှိကြသည်။ အများအားဖြင့် ပညာတတ်သူနှင့်ပညာမတတ်သူ၏စဉ်းစားဆုံးဖြတ်နိုင်စွမ်းအားသည် ကွာဟနိုင်သည်။

ဘဝရပ်တည်ရေးအတွက် မှန်ကန်သောရွေးချယ်မှု လိုအပ်သည်။ ငယ်စဉ်အခါ ပညာကို ကြိုးစားသင်ယူသည့်လမ်းမှန်ကို ရွေးချယ်ရမည်ဖြစ်သည်။ ငွေရှာဖွေသည့် အရွယ်မဟုတ်သဖြင့် ပညာရေးဝန်မလေးစေဘဲ စိတ်ကြည်လန်းဆန်းစွာ အာရုံစိုက်သင်ကြားလေ့လာကြရမည်ဖြစ်သည်။

နိုင်ငံတော်သည်အတန်းစဉ်ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိပြီး ကဏ္ဍအလိုက်လိုအပ်နေသည့် ကွက်လပ်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

**❖ နိုင်ငံတော်အနေဖြင့် လူငယ်များအတွက် ကိုယ့်အားကိုယ်ကိုး ဝင်ငွေတိုးပွားရရှိစေမည့် ပညာရေးလမ်းကြောင်းများ လမ်းဖွင့်ပေးလျက်ရှိသည်။ အတန်းပညာပြီးမြောက်မှု၏ သင်္ကေတဖြစ်သည့် ဘွဲ့တစ်ခုရရှိခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ဘဝစိတ်ကူးများ ပိုင်ဆိုင်ခွင့်ရှိပေသည်။ တွန်းအားတစ်ရပ်လည်းဖြစ်သည်။ ရာထူးမြင့်မားလိုစိတ်၊ ချမ်းသာကြီးပွားလိုစိတ်၊ အောင်မြင်ကျော်ကြားလိုစိတ် အစရှိသောစိတ်ကူးအိပ်မက်များစွာကို ပညာသော့ဖြင့်ဖွင့်နိုင်ပြီး အနာဂတ်လူ့ဘောင်ဖွံ့ဖြိုးရေး၊ ကဏ္ဍစုံဖွံ့ဖြိုးရေး ကာယ၊ ဉာဏ စွမ်းပကားဖြင့် မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ပေသည်။ ❖**

နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသော ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် အစရှိသည်ဖြင့် တက္ကသိုလ်များဖွင့်လှစ်ပေးလျက်ရှိပြီး စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စက်မှုပညာရပ်များကို လွယ်လင့်တကူသင်ကြားနိုင်ရေး လမ်းဖွင့်ပေးလျက်ရှိသည်။ ဦးတည်ချက်ကောင်းများဖြင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ရည်မှန်းကြိုးစားဆောင်ရွက်မှုလည်းဖြစ်သည်။

ပညာသင်ကြားလိုစိတ်ရှိသူတိုင်း ဘဝအနာဂတ်အလင်းတန်းများကို မြင်တွေ့ခွင့်ရရှိမည်သာဖြစ်သည်။ ယနေ့ခေတ်ပညာရေးသည် ပညာနှင့် အလုပ်အကိုင်ဆက်စပ်ရရှိစေနိုင်သည့် အခြေအနေများကို ဖန်တီးပေးခြင်းကြောင့် အဆိုပါပညာရေးစနစ်အတွင်း တည်ရှိနေကြသည့် မိဘနှင့် ဆရာသမားများ၏ လမ်းညွှန်မှုနှင့်အညီ ကျောင်းသား၊ ကျောင်းသူအားလုံး စိတ်ပါဝင်စားစွာပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိနှစ်သက်ရာဘာသာရပ်အလိုက်၊ ဝါသနာအလိုက်ရွေးချယ်ပြီး နိုင်ငံ၏လိုအပ်နေသည့် ကွက်လပ်များတွင် တာဝန်ထမ်းဆောင်နိုင်ရေး လုံ့လပြုရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးအခန်းကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍသစ်များကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ ပညာခေတ်တွင် ပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်အလျောက် မိဘများအနေဖြင့် မိမိသားသမီးများကို ပညာအမွေပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာခေတ်တွင် တတ်သင့်တတ်ထိုက်သည့် ပညာရှာဖွေရမည်ဖြစ်သည်။ သို့ဖြစ်၍ ပညာရေးအလှမ်းမဝေးရအောင် သားသမီးများကို ကျောင်းအပ်နှံပေးရမည်ဖြစ်သည်။ ကလေးအားလုံး ကျောင်းနေပျော်အောင် မိဘနှင့်ဆရာများက တိုက်တွန်းအားပေးရမည်ဖြစ်သည်။ မိဘ၊ ဆရာ၏ သံယောဇဉ်အစစ်အမှန်ကို ပြသရမည်ဖြစ်ပေသည်။ ငိုယိုနေသော ကလေးများကို ချော့မြှူ၍ ကျောင်းကိုပို့ဆောင်ပေးကြရမည်ဖြစ်သည်။

ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရရှိမှုသည် နိုင်ငံတော်၏ ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူခွင့်အခွင့်အလမ်းများဆုံးရှုံးနစ်နာမှုမရှိစေရေး မျှော်မှန်းဆောင်ရွက်မှုဖြစ်သည်။ မိဘများက သားသမီးများကို ပညာသင်ယူရန် ကျောင်းအပ်နှံပေးရန် လိုပေသည်။ ကျောင်းအပ်နှံရာတွင် ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များအခမဲ့ရယူလျက် ကျောင်းနေပျော်အောင် ကြိုးစားကြရမည်ဖြစ်သည်။

အသက်အရွယ်ဟူသည် တရွေ့ရွေ့ကြီးရင့်လာစမြဲဖြစ်သည်။ အသက်အရွယ်အလိုက် သင့်လျော်သောအတန်းကိုယ်စီဖြင့် ကျောင်းနေပျော်ကြရမည်သာဖြစ်သည်။ တန်းတူညီမျှအခွင့်အရေးရရှိရေး ပညာရေးကို အာရုံစိုက်သင်ကြားရမည်ဖြစ်သည်။ လေးစားယုံကြည်မှုနှင့် ထိုက်တန်သည့် ပညာရှိရပေမည်။ ရုံး၊ ဌာနများတွင် ရာထူးနေရာခေါ်ယူရာ၌ ပညာအရည်အချင်းအလိုက် အရည်အချင်းစစ်စာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်သည့်အခွင့်အရေးရရှိနိုင်ပေသည်။ ငွေရှိရုံမျှဖြင့် အတန်းပညာနှင့် ချိန်ညှိထားသည့် ရာထူးနေရာ၊ လုပ်ခလစာ မရရှိနိုင်ပေ။ ငွေနှင့်ပညာ ယှဉ်တွဲပါလျှင် ဘဝအနာဂတ်ပိုမိုတောက်ပလာမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လူငယ်များအတွက် ကိုယ့်အားကိုယ်ကိုး ဝင်ငွေတိုးပွားရရှိစေမည့် ပညာရေးလမ်းကြောင်းများ လမ်းဖွင့်ပေးလျက်ရှိသည်။ အတန်းပညာပြီးမြောက်မှု၏ သင်္ကေတဖြစ်သည့် ဘွဲ့တစ်ခုရရှိခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ဘဝစိတ်ကူးများ ပိုင်ဆိုင်ခွင့်ရှိပေသည်။ တွန်းအားတစ်ရပ်လည်းဖြစ်သည်။ ရာထူးမြင့်မားလိုစိတ်၊ ချမ်းသာကြီးပွားလိုစိတ်၊ အောင်မြင်ကျော်ကြားလိုစိတ် အစရှိသောစိတ်ကူးအိပ်မက်များစွာကို ပညာသော့ဖြင့် ဖွင့်နိုင်ပြီး အနာဂတ်လူ့ဘောင်ဖွံ့ဖြိုးရေး၊ ကဏ္ဍစုံဖွံ့ဖြိုးရေး ကာယ၊ဉာဏစွမ်းပကားဖြင့် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ပေသည်။ လူ့ဘောင်တစ်ခုတွင် အရေးကြီးလိုအပ်လျက်ရှိသော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအရည်အသွေးများပြည့်မီမှသာ လူမှုပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်းချမ်းစေမည်ဖြစ်သည်။

အချုပ်အားဖြင့် လူတစ်ဦးသည် ပညာအသိဖြင့်သာ အမှန်နှင့်အမှားကို ဆုံးဖြတ်နိုင်စွမ်းအားများ မြင့်မားလာမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်စေမည်ဖြစ်သည်။ တစ်ဦးချင်း ပညာရည်မြင့်မားလာမှုအလိုက် နိုင်ငံတော်က ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာပြီး လူမှုအသိုက်အဝန်းတစ်ခုလုံး ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်က ပညာရေးကို အားပေးနေချိန်တွင် လူငယ်များသည် အနာဂတ် ခေါင်းဆောင်လောင်းများဖြစ်သည့်အားလျော်စွာ ပညာရေးနှင့်အလှမ်းမဝေးဘဲ စဉ်ဆက်မပြတ်သင်ယူကြရမည်ဖြစ်သည်။ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပညာအရောင်ထွန်းလင်းပြောင်လျက် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အနာဂတ်လူငယ်များ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

# တောင်တွင်းကြီးမြို့နယ် သပြေလေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေလေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သပြေလေးပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သပြေလေးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၅၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၈၈ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၀ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၆၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

နွဲ့ယဉ်

# တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲ Media Press Show ပွဲကို အလုံမြို့နယ်ရှိ Zealax Hotel ၌ ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၈**

HEY Play Application၊ HEY Play YouTube Channel၊ MRTV–4 ရုပ်သံလိုင်းတို့တွင် ထုတ်လွှင့် ပြသပေးနေသည့် တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲ Media Press Show ပွဲကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ထက်မြတ်နိုင်ဇင်နှင့် ဒီဒီထက်အောင်တို့က ဇာတ်ညွှန်း ရေးသားထားကာ ရွှေနဒီရွှေရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပွင့်သီဂီဇော်က တာဝန်ယူ ရိုက်ကူးဖန်တီးထားကြောင်း သိရသည်။

"တိုးတိုးလေးချစ်မယ်က ကျွန်တော့်ရဲ့ ပထမဆုံး Series ဖြစ်ပါတယ်။ ကျွန်တော်က ဈာန်ရဲ အိမ်ထောင်သည် အမျိုးသား တစ်ယောက်အနေနဲ့ ပါဝင်ထားပါတယ်။ အပြင်မှာလဲ သူငယ်ချင်းတွေဆိုတော့ ရှူတင်သွားတာ မဟုတ်ဘဲ တွေ့ဆုံပွဲတစ်ခုလိုပါပဲ။ တော်တော်လေးလဲ ပျော်ဖို့ကောင်းပါတယ်။ ဒီဇာတ်ကားက ရိုမန့်ပုံစံလေးဆိုတော့ ပျော်ရွှင်ကြည်နူးစရာလဲ ဖြစ်ပါတယ်။ ရိုက်ကူးခွင့်ရတာ တကယ်ကို အမှတ်တရပါပဲ။ လက်ရှိလဲ အပိုင်း (၄) ထိ ထုတ်လွှင့်ထားပြီမို့ ဆက်လက် အားပေးကြပါအုံးလို့ ပြောချင်ပါတယ်" ဟု သရုပ်ဆောင် ပိုင်တံခွန်က ပြောပြသည်။

အဆိုပါ တိုးတိုးလေးချစ်မယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ ညီနန္ဒ၊ ရဲလွင်ဦး၊ စည်သူရဲထွဋ်၊ အောင်ဘုန်းထွဋ်၊ Ashwarya Ku–mar၊ လီလီကျော်ခိုင်၊ အမရာဘုဏ်း၊ ခင်သော်တာစံနှင့် အခြား အနုပညာရှင်များစွာ ပါဝင်သရုပ်ထားပြီး HEY Play Application၊ HEY Play YouTube Channel၊ MRTV–4 ရုပ်သံလိုင်းတို့မှ နိုဝင်ဘာ ၃ ရက်မှစတင်၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း သိရသည်။

ASH

# Road House - 2 ဇာတ်ကားတွင် မင်းသားသုံးဦး ထပ်မံပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၈**

Amazon MGM စတူဒီယို၏ Road House–2 ဇာတ်ကားတွင် မင်းသား အင်ဒရူးဘက်ချလာ၊ အီကိုယူဝစ်နှင့် ဟီဒီတိုရှီနီရှီဂျီးမားတို့ ထပ်မံပါဝင်လာကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

အထက်ပါ မင်းသားသုံးဦးသည် Road House–2 ဇာတ်ကား၌ မင်းသား ဂျိတ်ဂျီလန်ဟေးနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Road House–2 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အီလျာနေရှူးလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဝိဘီအောက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Road House–2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများကို Amazon MGM က စတင်နေပြီဖြစ်ကြောင်း သိရသည်။

Road House–2 ဇာတ်ကား ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ကျွန်မအချစ်ရဆုံးသော ဇာတ်လမ်းတွဲကို Channel 7 နှင့် For You Cinema Application တို့မှ ထုတ်လွှင့်ပြသပေးသွားမည်

**ရန်ကုန် နိုဝင်ဘာ ၈**

Channel 7 နှင့် For You Cinema Application တို့မှ ကျွန်မအချစ်ရဆုံးသော ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၀ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ကျွန်မအချစ်ရဆုံးသော ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် အေးချမ်းမောင်ထံမှ သိရသည်။

အဆိုပါ ကျွန်မအချစ်ရဆုံးသောရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ လမင်းမိုမို၏ လုံးချင်းဝတ္ထုကို အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာပွင့်သီဂီဇော်က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက စာရေးဆရာမ လမင်းမိုမိုရဲ့ အောင်မြင်ပြီးသား လုံးချင်းဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ဖန်တီးထားတဲ့အတွက် ဝတ္ထုပရိသတ်တွေ လက်ခံနိုင်အောင် ဒါရိုက်တာကော သရုပ်ဆောင်တွေပါ အားလုံးကြိုးစားထားကြပါတယ်။ ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်တဲ့အတွက် မူလအရသာ မပျက်အောင် ကြိုးစားပြီးတော့ သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။




ကျွန်မအချစ်ရဆုံးသော ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ရဲရင့်မောင်မောင်၊ ခွန်းညာ၊ ဇင်မျိုး၊ မင်းသူ၊ အာပူကြူး၊ ချြုးလေး၊ ယွန်းယွန်း၊ မေသန်းနု၊ မေပန်းချီ၊ စိုးမိုးကြည်၊ လှမျိုးသဥ္စာနွယ်၊ ချယ်ချယ်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Close Personal Friends ဇာတ်ကား၌ မင်းသမီး မီဂန်မာကယ် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၈**

Amazon MGM စတူဒီယို၏ Close Personal Friends ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး မီဂန်မာကယ် ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

Close Personal Friends ရုပ်ရှင်ဇာတ်ကားသည် မင်းသမီး မီဂန်မာကယ်အတွက် ရှစ်နှစ်တာ ကာလအတွင်း ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကား၌ မီဂန်မာကယ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

မင်းသမီး မီဂန်မာကယ်သည် ဗြိတိန်မင်းသား ဟာရီနှင့် ၂၀၁၈ ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီးနောက်ပိုင်း ရုပ်ရှင်လောကမှ အနားယူထားသူဖြစ်ကြောင်း သိရသည်။

Close Personal Friends ဇာတ်ကားတွင် မင်းသမီး မီဂန်မာကယ်သည် မင်းသမီး ဘရီးလာဆင်၊ လီလီကောလင်း၊ မင်းသား ဂျက်ကွစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Close Personal Friends ဇာတ်ကားကို ဒါရိုက်တာ ဂျေဆင်အော်လေက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# Pentagon Spectrum Group Art Exhibition ပန်းချီပြပွဲကို ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပြုလုပ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၈**

Pentagon Spectrum အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ယနေ့မှစတင်ကာ ကျင်းပပြုလုပ်လျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ မိုးမြင့်ထံမှ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီ မိုးမြင့်၊ မိုးမမမိုး၊ ဇော်ရီ၊ ခင်ခင်ထွေး၊ နီဝါစိုး၊ ဒိတ်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် ရေးဆွဲထားသည့် အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ Pentagon Spectrum လို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲ ပြသနေပါတယ်။ ဒီပန်းချီပြပွဲမှာ ကျွန်တော်တို့ရဲ့ မတူညီတဲ့ အမျိုးအစား၊ ရေးဟန်တွေကို ဒီကနေ့ကနေ နိုဝင်ဘာ ၁၂ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ မိုးမြင့်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄)လက်မ၊ (၂၄x၂၄)လက်မ၊ (၁၈x၂၄)လက်မ၊ (၁၈x၁၈)လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# All sown acreage of sesame harvested in Sagaing Township



Photo shows harvested sesame in a field in Sagaing Township.

**Sagaing November 8**

Statistics of Sagaing Township Agriculture Department stated that local farmers have harvested all plantations of monsoon sesame in Sagaing Township of Sagaing Region.

In Sagaing Township, during this year's monsoon cropping season, farmers were able to cultivate rain-fed sesame on 24,727 acres. Harvesting of these sesame fields began in August and, as of today, all acres have been fully harvested, with yields exceeding 10 baskets per acre.

"This year, during the monsoon cropping season in Sagaing Township, sesame was cultivated on 24,727 acres. All of these fields have now been fully harvested. Compared to previous seasons, the cultivated area has increased significantly. We also provided support to expand sesame cultivation, improve yield rates, and promote cultivation using GAP techniques," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, farmers in Sagaing Township received guidance from the township agriculture department on expanding sesame cultivation, adopting proper cultivation techniques, using GAP methods, planting high-quality seeds, and cultivating varieties with good yield potential.

Crops produced under GAP methods are of higher quality and fetch better prices compared to those grown using conventional methods. Moreover, they can be sold not only in domestic markets but also exported internationally. Farmers who adopt GAP cultivation methods are expected to gain greater economic benefits, improving both their income and their overall socio-economic well-being. 206

# U.S. stocks close little changed after weak consumer sentiment data

**New York November 8**

U.S. stocks were little changed on Friday as investors weighed weak consumer sentiment data and questioned whether the artificial intelligence (AI) investment boom can sustain its momentum.

The Dow Jones Industrial Average rose 74.80 points, or 0.16 percent, to 46,987.10. The S&P 500 added 8.48 points, or 0.13 percent, to 6,728.80. The Nasdaq Composite Index shed 49.45 points, or 0.21 percent, to 23,004.54.

Nine of the 11 primary S&P 500 sectors ended in green, with energy and utilities leading the gainers by climbing 1.56 percent and 1.37 percent, respectively. Communication services and technology led the laggards by declining 0.84 percent and 0.33 percent, respectively.

The preliminary reading of the University of Michigan Consumer Sentiment Index fell to 50.3 in November, the lowest level since June 2022. Its measure of current economic conditions also hit the weakest point in the report's history, underscoring consumer pessimism amid persistent inflation and the ongoing federal government shutdown.

Major AI-related stocks lost momentum this week, with Nvidia, AMD, Tesla and Microsoft all posting notable declines.

Xinhua

# ChaungU Township plans to grow more than 1,000 acres of lablab bean this cold season

**ChaungU November 8**

According to the township Agriculture Department, local authorities earmarked cultivation of more than 1,000 acres of lablab bean in ChaungU Township of Sagaing Region in coming cold season this year.

In the 2025-2026 winter cropping season, ChaungU Township has planned to cultivate lablab beans on 1,205 acres. Planting is scheduled to begin in October and continue through December, with preparations underway to ensure successful cultivation.

"This year, during the winter cropping season in ChaungU Township, we have planned to cultivate lablab beans on over 1,000 acres. We will provide support to ensure that the planned acreage is fully planted. Together with the farmers, we will supply high-quality seeds, fertilizers, and post-harvest technical guidance to achieve good yields and maintain crop quality," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is reported that the township agriculture department is also providing farmers with knowledge and guidance on expanding lablab bean cultivation areas, improving yields, cultivating using GAP methods, planting high-quality seeds, and selecting varieties with good productivity.

Crops grown using GAP methods are of higher quality and fetch better prices compared to those produced with conventional methods. Thanks to their superior quality, these crops can be sold not only in domestic markets but also exported internationally, enabling farmers who adopt these methods to achieve greater economic benefits. 206

# Sri Lanka outlines digitalization reforms in 2026 budget

**Colombo November 8**

Sri Lanka has announced a series of measures to strengthen digitalization and modernization of public administration under the 2026 national budget presented in Parliament on Friday.

According to President and Finance Minister Anura Kumara Dissanayake, the government's focus for 2026 is to enhance service delivery, increase efficiency, and strengthen transparency in public sector operations.

A total of 30 billion Sri Lankan rupees (98 million U.S. dollars) has been set aside for major national digital initiatives such as the Sri Lanka Unique Digital Identity project, the e-Grama Niladhari platform, and the Digital Economy Advancement Program. These projects are expected to support the creation of a centralized and secure digital framework to facilitate efficient communication and service coordination across government agencies.

The government also plans to expand electronic procurement and payment systems to improve fiscal management and minimize manual procedures. In the area of revenue administration, the budget includes provisions to upgrade the Revenue Administration Management Information System and expand its integration with other state agencies.

The budget further provides for capacity development and training for public officials to support the transition to digital workflows and enhance service standards in provincial and local government offices.

Presenting the budget, Dissanayake said that the modernization efforts will contribute to building a people-friendly public service and support the country's administrative reform goals.

Xinhua

# All plantations of groundnut harvested in Kyaukmyaung Sub-Township

**Kyaukmyaung November 8**

Local farmers have harvested all sown acreage of groundnut in Kyaukmyaung Sub-Township of Shwebo District in Sagaing Region, according to the sub-township Agriculture Department.

In Kyaukmyaung Sub-Township, during this year's monsoon cropping season, farmers were able to cultivate groundnuts on 12,850 acres. Harvesting of these groundnut fields began in August and, as of today, all acres have been fully harvested, with an average yield of 41.50 tins per acre.

"This year, during the monsoon cropping season in Kyaukmyaung Sub-Township, groundnuts were successfully cultivated on 12,850 acres. At present, all fields have been fully harvested. The oilseed crop performed well, and groundnut cultivation continues to improve year by year," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

Cultivating one acre of groundnuts in Kyaukmyaung Sub-Township requires planting by variety, with costs exceeding 200,000 kyats per acre, including seed costs, labor wages, fertilizers, and pesticides. One acre typically produces over 50 baskets of groundnuts.

This year, to ensure successful harvests, prevent pest and disease outbreaks, and maintain clean crops, township agriculture department staff conducted field inspections, monitored the crops, and recorded pest-free and clean-field certifications. 206

# Yinmabin District to grow more than 83,000 acres of sunflower


A thriving sunflower plantation.

**Yinmabin November 8**

This year, local authorities earmarked cultivation of 83,650 acres of sunflower in Yinmabin District of Sagaing Region this year, according to the regional Agriculture Department.

A total of 83,650 acres of sunflower are planned for cultivation during this year's winter cropping season — with 18,596 acres in Yinmabin Township, 17,242 acres in Kani Township, 16,830 acres in Salingyi Township, and 30,982 acres in Pale Township.

"This year, during the winter cropping season in Yinmabin District, we have planned to cultivate more than 83,000 acres of sunflower. Efforts will be made to achieve the full targeted acreage. To help reduce imports of palm oil, we will expand the cultivation of sunflower, which is an oil crop. Compared to other oil crops such as groundnut and sesame, sunflower yields more oil per acre. Most farmers grow sunflower only during the winter season," said Dr Tin Mar Mar Oo, Deputy Director of the Sagaing Region Department of Agriculture.

To promote sunflower cultivation in Yinmabin District, the respective Township Departments of Agriculture are conducting training and awareness programmes to enhance the knowledge and technical skills of both staff and farmers.

This year, plans have been made to supply quality sunflower seeds to farmers, and to sell urea and compound fertilizers at affordable prices. The newly produced sunflower seed varieties will also be distributed among farmers through farmer-to-farmer exchange systems.

206

# Monywa Township arranges cultivation of more than 1,000 acres of chickpea this year

**Monywa November 8**

The township Agriculture Department stated that local farmers have planted more than 1,000 acres of chickpea as cold season crops in Monywa Township of Sagaing Region this year.

For the 2025–2026 winter crop season, it is learned that a total of 17,790 acres of chickpea are planned to be cultivated in Monywa Township, and cultivation began in October this year, with 1,475 acres already planted so far.

The Head of the Monywa Township Agriculture Department, U Soe Thet Aung, said, "This year, for the upcoming winter crop season in Monywa Township, we plan to cultivate more than 17,000 acres of chickpea. As of today, over 1,000 acres have already been cultivated. We are making efforts to meet the full cultivation target. Chickpea cultivation has been improving year by year. To increase yield and quality, we are cooperating with farmers to provide good-quality and pure seed varieties, necessary inputs, and post-harvest technology."

Yezin-8 and Yezin-11 chickpea varieties—both high-yielding and well-suited to the local conditions—are being planted, and the cost of cultivation per acre is over K300,000.

During this year's winter crop season, the department is continuing to work with farmers to promote the use of quality seeds, provide essential inputs, and disseminate post-harvest technologies to ensure good yield and quality of pulses. Furthermore, extension activities are being carried out to encourage lead farmers to use Trichoderma and other beneficial fungi during pulse cultivation.

The Sagaing Region is the largest producer of pulses in the country, with the widest cultivation area nationwide. Pulses are grown as the main crops, and due to the potential for intercropping and relay cropping, farmers in the region are cultivating them as income-generating crops.

206

# More than 14,000 acres of groundnut harvested in Ayadaw Township

**Ayadaw November 8**

Monywa District Agriculture Department mentioned that local farmers have harvested more than 14,000 acres of groundnut in Ayadaw Township of Sagaing Region this year.

In Ayadaw Township, a total of 16,993 acres of groundnut were cultivated during this year's monsoon cropping season. Harvesting began in August, and as of today, 14,852 acres have been harvested, with an average yield of 40.26 baskets per acre.

"This year, during the monsoon cropping season, a total of 16,993 acres of groundnut were cultivated in Ayadaw Township. Harvesting is now well underway, with more than 14,000 acres already completed. As an oil crop, groundnut cultivation has been successful and continues to improve year by year," said Daw San San Myint, Head of the District Department of Agriculture, Monywa District.

In Ayadaw Township, about one and a half baskets of seeds are used per acre for groundnut cultivation. The production cost per acre, including expenses for seeds, labour charges, fertilizers, and pesticides, amounts to over K200,000, while the average yield is reported to be over 50 baskets per acre.

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and maintain weed-free fields, staff from the Township Department of Agriculture have conducted field inspections and kept monitoring recordsin the cultivated areas.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaukmyaung Sub-Township completes harvest of all rain-fed peanuts

**Kyaukmyaung November 8**

All peanuts planted during this year's rainy season have been fully harvested in Kyaukmyaung Sub-Township, Shwebo District, Sagaing Region, according to the Department of Agriculture's statistics for the township.

Kyaukmyaung Sub-Township has been able to plant 12,850 acres of peanuts during this year's rainy season, and the peanut fields that were planted have been harvested since August this year. So far, 100% of the acres have been harvested, with an output of 41.50 baskets per acre.

"This year's rainy season, Kyauk Myaung Township has been able to plant 12,850 acres of peanuts. All of the acres of peanuts that were planted have been harvested. As for oilseed crops, they are in a successful state. Peanut cultivation is improving year after year," said Daw Khin Win, head of the Department of Agriculture for Kyaukmyaung Sub-Township.

Kyaukmyaung Sub-Township has planted one and a half baskets of seeds per acre, and the cost of seedlings, labour, fertilizer, and pesticides is over 200,000 kyats, and the yield per acre is over 50 baskets.

206


Harvested peanuts in a field.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက ဒရုန်းတန်ပြန်စနစ်များအဆင့်မြှင့်တင်ရန်Zen Technologies ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အိန္ဒိယနိုင်ငံသည် ၎င်း၏ဒရုန်း တန်ပြန်စနစ်များကို အဆင့်မြှင့်တင်ရန် အတွက် Zen Technologies ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ သန်း တန်ဖိုးရှိ သဘောတူစာချုပ်များချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Zen Technologies ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း အဆင့်မြှင့်တင်မှုများကို အပြီးသတ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အိန္ဒိယ၏ အကြမ်းဖက်မှုတန်ပြန်စစ်ဆင်ရေးဖြစ်သော Operation Sindoor ကဲ့သို့သောရှေ့တန်းစစ်ဆင်ရေးများမှရရှိသည့်သင်ခန်းစာဖော်ထုတ်ချက်များကို ပေါင်းစပ်ထည့်သွင်းသွားမည် ဖြစ်ကြောင်း သိရသည်။

ဤသဘောတူစာချုပ်များသည် ဟာ့ဒ်ဝဲလ်နှင့် ဆော့ဖ်ဝဲလ်နှစ်မျိုးစလုံး၏ လိုက်လျောညီထွေရှိမှုကို အဆင့်မြှင့်တင်ရန်ရည်ရွယ်ထားသည်။ ထိုသို့သော အဆင့်မြှင့်စွမ်းဆောင်ရည်များသည် ပို့ကုန်ထိန်းချုပ်မှုများနှင့် ရောင်းချသော ကုမ္ပဏီ၏ ကန့်သတ်ချက်များကြောင့် အခြားနိုင်ငံထုတ်စနစ်များကမူ သာမန်အားဖြင့် ပေးစွမ်းနိုင်ကြခြင်းမရှိပေ။

အဆင့်မြှင့်တင်မှုများသည် ဟာ့ဒ်ဝဲလ်ပိုင်းဆိုင်ရာထိခိုက်ပျက်စီးမှုနှင့် ဆော့ဖ်ဝဲလ်ပိုင်းဆိုင်ရာ ဆိုက်ဘာတိုက်ခိုက်ခံရမှုများဖြစ်သည့် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးစနစ်များ၏ အားနည်းချက်တချို့ကို လျှော့ပါးစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

"ဒရုန်းနှင့် ဆိုက်ဘာခြိမ်းခြောက်မှုတွေ ဆက်တိုက်ဆိုသလို တိုးတက်ပြောင်းလဲနေသောကြောင့် အိန္ဒိယကဒီထက်ပို၍ ခြေတစ်လှမ်းသာနေစေရန် ကုမ္ပဏီက ကတိပြုထားပါတယ်။ အိန္ဒိယကိုယ်တိုင် ဒီဇိုင်းထုတ်၊ တီထွင်ပြီး ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ဝယ်ယူတာဟာ ရွေးချယ်စရာတစ်ခုတင် မဟုတ်ပါဘူး၊ ဒါဟာ ရပ်တည်ရှင်သန်ဖို့အတွက် လိုအပ်ချက်တစ်ခုလဲ ဖြစ်ပါတယ်"ဟု Zen Technologies ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာနှင့် ဥက္ကဋ္ဌဖြစ်သူ Ashok Atluri က ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည်ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို ကာကွယ်ရန်အတွက် ပြည်တွင်းဖြစ် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးဖြေရှင်းနည်းများကို တက်ကြွစွာ တီထွင်ထုတ်လုပ်၊ ဖြန့်ကြက်အသုံးပြုလျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်သည်။ အိန္ဒိယ၏ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှု (DRDO) သည် Bharat Electronics Limited ကုမ္ပဏီနှင့်ပူးပေါင်း၍ D4 တန်ပြန်ဒရုန်းစနစ်ကိုတီထွင်နိုင်ခဲ့သည်။ ၎င်းသည် ရေဒါ၊ RF အာရုံခံကိရိယာများ၊ လျှပ်စစ်–အလင်းပြန်၊ အနီအောက်ရောင်ခြည်ကင်မရာများ၊ ဂျမ်မာများနှင့် လေဆာစွမ်းအင်သုံးလက်နက်များကို ပေါင်းစပ်ထားသည်။ ၎င်းသည် မိုဘိုင်းလ် (ရွေ့လျားနိုင်သော)နှင့် အထိုင်ချ(static) ပုံစံနှစ်မျိုးစလုံးဖြင့်ဆောင်ရွက်နိုင်ပြီး လက်နက်ကိုင်တပ်ဖွဲ့များတွင် လျင်မြန်စွာတပ်ဖြန့်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Adani Defence & Aerospace နှင့် DRDO တို့သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ယာဉ်ပေါ်တွင်တပ်ဆင်နိုင်သော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို မိတ်ဆက်ခဲ့ကြသည်။ ၎င်းစနစ်သည် ရေဒါ၊ SIGINT/EO အာရုံခံကိရိယာများ၊ ဂျမ်မာများ၊ ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်နှင့် စွမ်းအင်မြင့်လေဆာစနစ်တို့ကို ပေါင်းစပ်ထားသည်။ ရွေ့လျားစစ်ကစားနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်ကာ အကွာအဝေး ၁၀ ကီလိုမီတာ (၆ ဒသမ ၂ မိုင်)ထိ အချက်အချာနေရာကို လွှမ်းခြုံကာကွယ်နိုင်စွမ်း ရှိမည်ဖြစ်ကြောင်း သိရသည်။

**India Awards $32.5 M to Zen Technologies for Advanced Anti–Drone Upgrades ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်နိုင်ငံက အမေရိကန်ထုတ် AIM-120(AMRAAM)ဒုံးကျည်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြေ ရှိ၊ မရှိ လေ့လာနေ

နယ်သာလန်နိုင်ငံသည် အမေရိကန်ထုတ် AIM–120 (AMRAAM) ဒုံးကျည်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်ခြေ ရှိ၊ မရှိ လေ့လာနေကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာလ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလေ့လာမှုသည် AMRAAM ဒုံးကျည်များကို ဥရောပတိုက်၊ NATO အဖွဲ့ဝင်မိတ်ဖက်နိုင်ငံနှင့် ပူးပေါင်းထုတ်လုပ်မည့် ပထမဆုံးအလားအလာရှိမှုကို ဖော်ညွှန်းပြသနေသည်။ နယ်သာလန်နိုင်ငံစက်မှုလုပ်ငန်းက ဒုံးကျည်များ၏ ထုတ်လုပ်မှု၊ တပ်ဆင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့တွင် မည်သို့ပါဝင်နိုင်မည်ကို စစ်ဆေးသွားမည်ဖြစ်သည်။ AMRAAM ဒုံးကျည်များကို မောင်းသူပါ၊ မောင်းသူမဲ့ လေယာဉ်များအပြင် ခရုဇ်ဒုံးကျည်များကိုပါ တန်ပြန်ကာကွယ်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်းတို့သည် F–35 ကိုယ်ပျောက်တိုက်လေယာဉ်တွင် ကိုယ်ပိုင်ကာကွယ်ရေးနှင့် မြေပြင်အခြေစိုက်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးနှစ်မျိုးစလုံးကို ထောက်ပံ့ပေးနိုင်သည်။

ဤအစပျိုးလုပ်ဆောင်မှုသည် အတ္တလန္တိတ်ဖြတ်ကျော် ကာကွယ်ရေးဆိုင်ရာစက်မှုပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေရန်၊အမေရိကန်နှင့် အခြား NATO မဟာမိတ်များအကြား ပူးပေါင်းညှိနှိုင်းမှုဖြင့် AMRAAM ဒုံးကျည်များ၏ ထုတ်လုပ်မှုနှင့် လွှဲပြောင်းပေးပို့မှုကို ပိုမိုမြန်ဆန်စေရန် ရည်ရွယ်ထားသည်။

အမေရိကန်မှ စက်တင်ဘာလတွင် နယ်သာလန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၅၇၀ တန်ဖိုးရှိ AMRAAM ဒုံးကျည်များ ရောင်းချရန်အလားအလာကို အတည်ပြုခဲ့ပြီးနောက် ယခုကဲ့သို့ နယ်သာလန်နိုင်ငံ၌ AMRAAM ဒုံးကျည်များထုတ်လုပ်နိုင်ခြေ ရှိ၊မရှိလေ့လာရန် ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နယ်သာလန်အစိုးရသည် AIM–120C–8 ဒုံးကျည် ၂၃၂ စင်းနှင့် လမ်းညွှန်ထိန်းကျောင်းမှုစနစ်ရှစ်ခုကိုဝယ်ယူရန် အမေရိကန်ထံ တောင်းဆိုခဲ့သည်။ မကြာသေးမီလများအတွင်း ဥရောပနိုင်ငံများစွာသည် ၎င်းတို့၏လေယာဉ်မှ ဝေဟင်ပစ်ဒုံးကျည်စွမ်းရည်များကို တိုးချဲ့အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိကြသည်။ ထိုထဲတွင် ဂျာမနီသည် အမေရိကန်ဒေါ်လာ ၁ ဒသမ



၂၃ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်ဖြင့် အမေရိကန်ထုတ် AIM–120D–3 ဒုံးကျည်အစင်း ၄၀၀ ထိ ဝယ်ယူရန်စီစဉ်ထားကြောင်း သိရသည်။

AMRAAM ဒုံးကျည်သည် အလျား ၁၄၄ လက်မရှိပြီး အလေးချိန် ၃၃၅ ပေါင်ခန့်ရှိသည်။ ၎င်းသည် ၇ လက်မအချင်းရှိပြီး တောင်ပံ အကျယ် ၂၁ လက်မရှိသည်။ တိုက်ပွဲဝင်နိုင်စွမ်းအနေဖြင့် မိုင် ၂၀ကျော် အကွာအဝေးရှိပစ်မှတ်များကို အသံထက်မြန်သော အလျင်နှုန်းဖြင့် တိုက်ခိုက်နိုင်သည်။ ဒုံးကျည်သည် ပစ်မှတ်သို့ တိကျစွာဦးတည်သွားရောက်ရန် အလယ်အဆင့် လမ်းညွှန်မှုစနစ်နှင့် နောက်ဆုံးအဆင့်တွင် active radar တို့ကိုပေါင်းစပ်ထားပြီး၊ ပေါက်ကွဲမှုအပိုင်းအစများ ပြန့်ကျဲတိုက်ခိုက်နိုင်သည့်ထိပ်ဖူးကိုတပ်ဆင်ထားသည်။ ကုန်ကျစရိတ်အနေဖြင့် ဒုံးကျည်တစ်စင်းလျှင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃၈၆၀၀၀ တန်ဖိုးရှိကြောင်း သိရှိရသည်။

**Netherlands to Expore Local Production of US – Made AMRAAM Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၉၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၂၉၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မြေပဲကေ ၁၂၈၀၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း မြေပဲကေ ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)




# သရက်မြို့နယ် ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**သရက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ထုံးတောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထုံးတောင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိမြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၉ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် ရွှေမန်း(မကွေး)ကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းထံမှ သိရသည်။ **ဆက်လူ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြမြစန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်နှင့် အခြားဒေသများက ဝယ်ယူအားကောင်းနေခြင်းကြောင့် တင်ပို့ရောင်းချအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ငါးခြောက်မျိုးစုံကို ရန်ကုန်နဲ့အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၆၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဈေးကတော့ ငါးခြောက်အကြီး၊ အသေးပေါ်မူတည်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက် သိုလှောင်ထားသူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြမြစန်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များအနေဖြင့် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၁၂၈၀၀၀ ထိ အရွယ်အစားအလိုက် ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် ပတ်ကျောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပတ်ကျောကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပတ်ကျောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၆၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဘဲလ်လမ် ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေး ဒုတိယနေ့သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်







**နေပြည်တော် နိုဝင်ဘာ ၈**

ဘရာဇီးနိုင်ငံ သမ္မတလူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်ထိ ကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး(Belem Climate Summit) ဒုတိယနေ့ စုံညီအစည်းအဝေးနှင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

စုံညီအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများက နိုင်ငံကိုယ်စားပြုအမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကျော်ကိုသစ်တောများဖုံးလွှမ်းထားပြီး ဇဝဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသောနိုင်ငံဖြစ်ကြောင်း၊ ရှည်လျားသောကမ်းရိုးတန်းနှင့် ဒီရေတောများပိုင်ဆိုင်ပါကြောင်း၊သို့သော်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်အခံရဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိသဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်(Nationally Determined Contributions-NDC)" ပါ ရည်မှန်းချက်များနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်သောစိုက်ပျိုးရေးလုပ်ငန်းများ၊သစ်တောထိန်းသိမ်းရေးကိုဗဟိုပြုသည့် မဟာဗျူဟာများချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုဆိုင်ရာရန်ပုံငွေတိုးမြှင့်ရရှိရေး၊ နည်းပညာများ လွှဲပြောင်းရယူနိုင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့သည် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးကြေညာချက်ကိုထောက်ခံပါကြောင်း၊ အပူပိုင်းသစ်တောများ ထာဝရရန်ပုံငွေ (Tropical Forests Forever Facility-TFFF) တည်ထောင်ခြင်း၊ ဆင်းရဲမှုနှင့် ပြည်သူဗဟိုပြုရာသီဥတုဆိုင်ရာလှုပ်ရှားမှုများနှင့်ဘက်စုံတောမီးစီမံအုပ်ချုပ်မှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်မည်ကိုအတည်ပြုအကြောင်းကြားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် "ရာသီဥတုနှင့်သဘာဝ၊ သစ်တောများနှင့် သမုဒ္ဒရာများ"ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ရာသီဥတု ထိပ်သီးအစည်းအဝေးသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံသောနည်းလမ်းများကို အဓိကထားသည့် ဦးဆောင်ဖိုရမ်တစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း(UNFCCC)အဖွဲ့ဝင်နိုင်ငံများ ညီလာခံနှင့် အတူကျင်းပသော အရေးကြီးသည့်ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် အစိုးရ၊စီးပွားရေးလုပ်ငန်းများ၊အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက် ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသောစီးပွားရေးသို့ ကူးပြောင်းရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် တွေ့ဆုံပြီး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ အသိပညာမျှဝေသည့်ဆွေးနွေးပွဲသို့ တက်ရောက်




**ရန်ကုန် နိုဝင်ဘာ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံတွင်ဖွဲ့စည်းမှတ်ပုံတင်ထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တရုတ်နှင့် မြန်မာနိုင်ငံသည် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(Regional Comprehensive Economic Partnership -RCEP) အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုထားရှိပြီးဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးလျက်ရှိပြီး လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက်လည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ Supply Chain တစ်လျှောက် အကျိုးကျေးဇူးများကို မျှဝေခံစားတတ်သည့် စီးပွားရေးအသိုက်အဝန်းကိုဖော်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်စေရန် အရေးကြီးကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု၊ ကူးသန်းသွားလာမှုတိုးတက်လာစေရေးအတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China-Myanmar Economic Corridor-CMEC)ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ငွေကြေးဖြစ်သည့် "ယွမ်"ဖြင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်သောလုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုများကို ကူညီဆောင်ရွက်ပေးနေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045)နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) (ASEAN Economic Community Strategic Plan - 2026-2030)တို့နှင့်စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အသိပညာမျှဝေသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်မှုများတွင် ပုဂ္ဂလိကကဏ္ဍသည် အာဆီယံစီးပွားရေးပေါင်းစည်းမှု၏ အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုများနှင့်အခွင့်အလမ်းများကို သိရှိအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(MWEA)၏ အကြံပေး ဒေါက်တာတင်တင်ထွေး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစုနှင့် ပုဂ္ဂလိကကဏ္ဍမှဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်တို့က အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀)နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက လုပ်ငန်းစဉ်များနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပသည့် ၄၃ ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ(43rd ASEANAPOL Conference)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်၌ နိုဝင်ဘာ ၃ ရက်မှ ၇ ရက်ထိကျင်းပခဲ့သော ၄၃ ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ(43rd ASEANAPOL Conference) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင်ပြုလုပ်ခဲ့သော ညီလာခံဖွင့်ပွဲအခမ်းအနား၌ထိုင်းနိုင်ငံတော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Kittharath Punpetch က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ညီလာခံသို့ အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ဆွေးနွေးဖက်များဖြစ်ကြသော ဩစတြေးလျနိုင်ငံ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဗြိတိန်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အမေရိကန်အမျိုးသားထောက်လှမ်းရေးဗျူရို(Federal Bureau of Investigation–FBI)နှင့် လေ့လာဖက်များဖြစ်ကြသော ကနေဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာရဲချုပ်များအသင်း(International Association of Chiefs of Police–IACP)၊ ပြင်သစ်နိုင်ငံ၊ ဖီဂျီနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC)၊ အီတလီနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု(UAE)၊ ပင်လယ်ကွေ့နိုင်ငံရဲတပ်ဖွဲ့များပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council Police–GC–CPOL)တို့မှ ပြည်ထဲရေးဝန်ကြီး၊ ရဲချုပ်များ၊ ဒုတိယရဲချုပ်များ၊ အကြီးတန်းရဲအရာရှိကြီးများနှင့်ကိုယ်စားလှယ်များ စုစုပေါင်းဦးရေ ၂၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားပြီးနောက် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို သီးခြားစီကျင်းပခဲ့ကြပြီး အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာအဆင့်မြင့်ရဲအရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးများ၌ မူးယစ်ဆေးဝါးကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်မှုခင်း၊ ငွေကြေးဆိုင်ရာမှုခင်း၊ ဆိုက်ဘာမှုခင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာမှုခင်း စသည့်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံရဲအဖွဲ့အီလက်ထရောနစ်သတင်းအချက်အလက်စနစ်(Electronic ASEANAPOL Database System–e–ADS) အသုံးပြုမှုမြှင့်တင်ရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်အကူအညီပေးရေး(Mutual Assistance in Criminal Matters)၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများအကြား သင်တန်းသားများအပြန်အလှန်စေလွှတ်ရေးနှင့် အာဆီယံရဲအဖွဲ့၏မှုခင်းဆေးသိပ္ပံကွန်ရက်(ASEAN Police Forensic Science Network– APFSN) အသုံးပြုမှုမြှင့်တင်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နှင့် လေ့လာဖက်နိုင်ငံ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များတက်ရောက်ရသော ပထမအကြိမ်စုံညီအစည်းအဝေးကိုကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေး၌ ၄၂ ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အဖွင့်အမှာစကားပြောကြားပြီး ၄၂ ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံပူးတွဲကြေညာချက်(42nd Joint Communique–42nd JC)အပေါ်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေ အစီရင်ခံစာအကျဉ်းချုပ်ကို ဖတ်ကြားခဲ့သည်။ ယင်းနောက် အာဆီယံရဲအဖွဲ့ညီလာခံဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံတော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ်ထံသို့ အစီရင်ခံစာအကျဉ်းချုပ်နှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ၁၄ ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့်အချက်များကို ထပ်မံဆွေးနွေးအတည်ပြုသည့်အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးမှုကို ကျင်းပခဲ့သည်။ ၁၄ကြိမ်မြောက်အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကို ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး၌ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့်နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကော်မရှင် အေ၊ ဘီ၊ စီအစည်းအဝေးများကို ဆက်လက်ကျင်းပခဲ့ကြသည်။ နေ့လယ်ပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့က ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ထံ သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ်စုံညီအစည်းအဝေးကို ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး၌ ကော်မရှင် အေ၊ဘီ၊ စီ အစည်းအဝေးများမှ ရလဒ်များနှင့် ၄၃ ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပူးတွဲကြေညာချက်တွင် ထည့်သွင်းမည့်အချက်များကို သက်ဆိုင်ရာအစည်းအဝေးသဘာပတိများက ရှင်းလင်းဖတ်ကြားတင်ပြခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ညီလာခံပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး ၄၃ ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံပူးတွဲကြေညာချက် (43rd Joint Communique– 43rd JC) ကို အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ 43rd JC ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြမည့် အွန်လိုင်းအသုံးပြုလိမ်လည်မှုကျူးလွန်နေသောအဖွဲ့အစည်းများကို နှိမ်နင်းတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Bangkok Joint Declaration on eliminating scam centres linked to trafficking in persons for forced criminality) ကိုလည်း အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

ရှေ့ဖုံးမှအဆက်

လျှပ်စစ်ဓာတ်အားများကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျောက်မဲမြို့နယ်ရှိ နမ့်စောင်းဝေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို နိုဝင်ဘာ ၄ ရက် ည ၆ နာရီတွင် လက်ခံရရှိခဲ့ပြီး အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၄၀၀ ကေဗွီအေ ရဲစခန်းထရန်စဖော်မာ၊၁၁/၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ကမ္ဘောဇထရန်စဖော်မာ၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ လျှပ်စစ်ရုံးယာယီထရန်စဖော်မာနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ဆေးရုံယာယီထရန်စဖော်မာတို့ကိုဓာတ်အားများ ပို့လွှတ်ပေးနိုင်ခဲ့သည်။

အဆိုပါထရန်စဖော်မာများသို့ဓာတ်အားပို့လွှတ်ပေးနိုင်မှုကြောင့် ဌာနဆိုင်ရာများယာယီရုံး(ကမ္ဘောဇရှမ်းကျောင်းကြီး)၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ခရိုင်စီမံကိန်းရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းရုံး၊ မြို့မရဲစခန်း၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊သမဝါယမဦးစီးဌာန၊ ပြည်သူ့ဆေးရုံနှင့် ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမတို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ကျန်ရှိသည့်နေရာများကို တာဝန်ရှိသူများနှင့်ပူးပေါင်း၍ လျှပ်စစ်မီးများအမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (မဝ၁)



ကျောက်မဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



ကျောက်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာန လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုမှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး (ခ) ဦးကျော်စွာအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးကျော်စွာစိုး (ခ) ဦးကျော်စွာအောင်**
**(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

**လေးစားရပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။**

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ (၆.၁၁.၂၀၁၂) ခုနှစ်မှာ တောင်သူလယ်သမားကြီး (၂၁)ဦးနဲ့ စတင်ထူထောင်လာခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဖွဲ့စည်းထူထောင်စဉ်က နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ပါတီတစ်ခုရဲ့ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်လို့ ထူထောင်ခဲ့ခြင်းမဟုတ်ပါဘူး။ ရင်ထဲမှာ ဒို့တောင်သူလယ်သမားတွေရဲ့ ဘဝအမှန်ကို တိုင်းသိပြည်သိ ကမ္ဘာသိအောင် လွှတ်တော်ထဲအရောက်သွားပြီး တင်ပြနိုင်ဖို့နဲ့ ပြောပိုင်ခွင့်သာရှိတဲ့ တောင်သူလယ်သမားဘဝကနေ လုပ်ပိုင်ခွင့်ရှိတဲ့ တောင်သူလယ်သမားတွေရဲ့ပါတီဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ တောင်သူလယ်သမားပါတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၈၆) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ တောင်သူလယ်သမားစစ်စစ်ကြီးတွေဟာ စိတ်ဓာတ်ကသာပြင်းထန်ပြီး နိုင်ငံရေးဆိုတဲ့ အတွေ့အကြုံနည်းတော့ ပြေးကားပြေး၏ ပန်းတိုင်မရောက်ဖြစ်ကာ ရွေးကောက်ပွဲအောင်နိုင်ခြင်းမရှိဖြစ်ခဲ့ရပါတယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ကျေးလက်နေပြည်သူဟာ တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်းရှိပြီး အားလုံးဟာ စိုက်ပျိုး၊ မွေးမြူရေးကို လုပ်ကိုင်နေကြတဲ့ ကျေးလက်နေတောင်သူလယ်သမားများသာဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံသားအားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများသာဖြစ်ကြပါတယ်။

ကျွန်တော်တို့တောင်သူလယ်သမားများဟာ ဒီမိုကရေစီလည်း နားမလည်ဘူး၊ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး။ သူတို့ရဲ့ဘဝမှာ စားဝတ်နေရေးနဲ့ပဲ လုံးပန်းနေတော့ ဘာမှမလေ့လာနိုင်ဘူးဖြစ်နေကြပါတယ်။ ဒါတွေကို ကူညီဖြေရှင်းဖို့ ဘဝတူတောင်သူလယ်သမားပါတီက ကူညီဆောင်ရွက်သွားမယ်လို့ ပြောကြားပါရစေခင်ဗျာ။

တိုင်းသူပြည်သားအားလုံးဟာ ခေတ်ကျပ်တဲ့ကာလအတွင်းမှာ စီးပွားရေးများ အဘက်ဘက်က မလုပ်နိုင်ကြတော့တဲ့အတွက် စားဝတ်နေရေးကျပ်တည်းကြတာ ဘယ်သူမှငြင်းလို့မရကြပါဘူး။ ယခုလာမယ့် ရွေးကောက်ပွဲအပြီးမှာ အစိုးရသစ်ပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံရေးအပြောင်းအလဲတွေရှိလာတော့မှာဖြစ်ပါတယ်။ နိုင်ငံရေးပြောင်းလဲလာရင် စီးပွားရေးလည်းကောင်းမွန်လာမယ်ဆိုတာ သေချာပေါက်ဖြစ်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။ တိုင်းသူပြည်သားအားလုံးဟာ တိုက်ပွဲတွေဖြစ်တာရော၊ နိုင်ငံရေးပဋိပက္ခတွေဖြစ်တာရော စိတ်မဝင်စားကြဘူး၊ သူတို့စိတ်ဝင်စားတာ စီးပွားရေးတစ်ခုပဲဆိုတာသိပါတယ်။ တိုင်းပြည်တည်ငြိမ်မှ စီးပွားရေးကောင်းမွန်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးရင် အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာရင် တိုင်းပြည်တည်ငြိမ်သွားဖို့ သေချာသွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ပြည်ထောင်စုတစ်ဝန်းလုံးပြိုင်တဲ့ ပါတီကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်တော်ရဲ့ကိုယ်စားလှယ်တော်များဟာလည်း လူငယ်လူရွယ်များနဲ့ တကယ့်မြေပြင်မှာ လက်တွေ့လုပ်ငန်းလုပ်ဆောင်တဲ့သူတွေများစွာပါဝင်ကြပါတယ်။ ရွေးကောက်ပွဲစနစ်ဟာ ဟိုးအရင်တုန်းကလို မဟုတ်တော့ဘဲ FPTPစနစ်၊ PR စနစ်ရောနှောပြီး လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်ပါတီရဲ့ ကိုယ်စားလှယ်များဟာ လွှတ်တော်ထဲကို အထိုက်အလျောက်ရောက်ရှိကြမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပြည်သူတွေအပေါ်မှာ ကိုယ်ချင်းစာစိတ်ထားဖို့၊ ရိုးပင်းကူညီဖြေရှင်းဖို့၊ ပြည်သူတွေအပေါ်မှာ စိတ်ရင်းစေတနာကောင်းကောင်းထားပြီး သူတို့ရဲ့ဘဝအခက်အခဲတွေကို လိုက်ပါဆောင်ရွက်ဖို့ပဲ အထူးမှာကြားထားပါတယ်ခင်ဗျာ။

ကျွန်တော်တစ်ခုလောက် တိုင်းသူပြည်သားတွေကို တင်ပြလိုပါတယ်။ အဲဒီအချက်ကတော့ အရေးကြီးဆုံးဖြစ်တဲ့ ဆင်းရဲမွဲတေမှုဆိုတဲ့ တိုင်းပြည်ရဲ့ ဘုံရန်သူကို တိုက်ထုတ်ပစ်ရမှာဖြစ်တယ်။

လူဆင်းရဲရင် စိတ်ဆင်းရဲမယ်၊ စိတ်ဆင်းရဲရင် အမြင်မကြည်လင်တော့ဘူး၊ အမြင်မကြည်ရင် ရန်လိုလာတယ်၊ ရန်လိုလာရင် ငြိမ်းချမ်းမှုဟာ ပျောက်ကွယ်သွားကြပါတယ်။

ဆင်းရဲမွဲတေမှုကို ဘယ်လိုတိုက်ဖျက်ပစ်ရမှာလည်းလို့ဆိုရင် ကျွမ်းကျင်သူတွေနဲ့ပေါင်းစည်းပြီး တိုက်ဖို့လိုပါတယ်။ ကျွမ်းကျင်သူဆိုတာ သူ့နေရာ၊ သူ့ဌာနကို ကျွမ်းကျင်တတ်မြောက်ထားတဲ့သူတွေကို ခေါ်ပါတယ်။

လယ်သမားက လယ်စိုက်တာကို ကျွမ်းကျင်တယ်
စစ်သားက စစ်တိုက်တာကို ကျွမ်းကျင်တယ်
အလုပ်သမားက စက်ရုံ၊ အလုပ်ရုံကိစ္စတွေကို ကျွမ်းကျင်တယ်
ကုန်သည်က အရောင်းအဝယ်ကို ကျွမ်းကျင်တယ်

ဘယ်လုပ်ငန်းမဆို ကျွမ်းကျင်မှ အကျိုးပေးတာဖြစ်ပါတယ်။ ဒါတွေကို လူမှန်နေရာမှန်ပြန်ဖြစ်အောင် နေရာချနိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ချမ်းသာသွားမယ်ဆိုတာ သဘောပေါက်စေလိုပါတယ်။

နိုင်ငံရေးဆိုတာ အထွေအထူးမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလည်းပြောသွားဖူးပါတယ်။ နိုင်ငံရေးဆိုတာ ပြည်သူလူထု နိစ္စဓူဝဖြစ်တဲ့ စား၊ ဝတ်၊ နေရေးကို အကျိုးရှိအောင်ဆောင်ရွက်ပေးရတဲ့ အလုပ်ဖြစ်ပါတယ်လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ နားလည်သင်ကြားခဲ့ရတာလည်း နိုင်ငံရေးဆိုတာ လူမှုရေး + စီးပွားရေး = နိုင်ငံရေးလို့ သင်ယူခဲ့ရတာပါ။

လူမှုရေးဆိုတာ အများပြည်သူတို့ရဲ့ဘဝကို ကူညီဆောင်ရွက်ရမယ်၊ ကယ်ဆယ်ရမယ်၊ ရိုးပင်းရမယ်၊ မျှတရမယ်ဆိုတဲ့ ကိုယ်ချင်းစာစိတ်မွေးပြီး လုပ်ရတဲ့အလုပ်ဖြစ်ပါတယ်။

စီးပွားရေးဆိုတာကလည်း မိမိဘဝမြင့်မားတိုးတက်အောင်၊ မိမိပတ်ဝန်းကျင် မြင့်မားတိုးတက်အောင်၊ မိမိတိုင်းပြည်မြင့်မားတိုးတက်အောင်၊ စားဝတ်နေရေး အဘက်ဘက်က မြင့်မားတိုးတက်ပြေလည်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီနှစ်ခုပေါင်းမှ လူမှုရေး + စီးပွားရေး = နိုင်ငံရေးဆိုတာဖြစ်ပေါ်လာတာပါ။

ဒါကြောင့် နိုင်ငံရေးဆိုတာ ပြည်သူကြားကပေါက်ဖွားလာတဲ့ ပြည်သူတွေဦးဆောင်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း နိုင်ငံ့ဝန်ထမ်းများဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ပြောထားပါတယ်။

နိုင်ငံ့ဝန်ထမ်းများဟာလည်း ပြည်သူကြားကပေါက်ဖွားလာတဲ့ တိုင်းပြည်တာဝန်ထမ်းကြတဲ့ ပြည်သူတွေဖြစ်လို့ သူတို့ရဲ့ဘဝပြည့်စုံဖူလုံဖို့ကလည်း အရေးကြီးလှပါတယ်။ ကုန်ဈေးနှုန်းတွေတက်လာရင် အရပ်သားပြည်သူတွေအတွက်သာ ဈေးတက်တာမဟုတ်ပါဘူး၊ တိုင်းပြည်တာဝန်ထမ်းဆောင်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေလည်း အတူတူခံကြရတာဖြစ်ပါတယ်။




မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတံဆိပ်ဟာ နဂါးနီ (၂)ကောင်အပေါ်မှာ လယ်သမားကြီးက မားမားမတ်မတ် ရင်ကော့ပြီးရပ်နေတဲ့ပုံစံဖြစ်ပါတယ်။ နဂါးနီရဲ့ အဓိပ္ပာယ်ဟာ ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်မယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတာကြောင့် ဆင်းရဲသားများရဲ့ဘဝ၊ လယ်သမားများရဲ့ဘဝကို လမ်းပြဦးဆောင်ပေးသွားမယ်လို့ အဓိပ္ပာယ်ကောက်ယူလို့ရပါတယ်ခင်ဗျာ။

ဒါကြောင့် အခုလာမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ လယ်သမားပါတီ နဂါးနီကို အားပေးကြပါလို့ ပြည်သူလူထုတစ်ရပ်လုံးကို တောင်းဆိုလိုက်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးဟာ ရွေးကောက်ပွဲအပြီးမှာ ငြိမ်းချမ်းရေးနဲ့စီးပွားရေး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမယ်လို့လည်း ခန့်မှန်းသိရှိရပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းပြီး (BRI) One Belt One Road စီမံကိန်းကြီးလည်း အကောင်အထည်ဖော် ဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းပြီး ကမ္ဘာ့ဈေးကွက်ကို ချိတ်ဆက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရဲ့ အသီးအပွင့်များကိုလည်း ခံစားရတော့မှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ပြည်သူတွေကို ကတိပေးနိုင်တာကတော့ တခြားကိစ္စအရေးများထက် တိုင်းသူပြည်သားရဲ့ မီးဖိုချောင်ကို သေသေချာချာ ကာကွယ်စောင့်ရှောက်ပြီး မိသားစုအားလုံး စားဝတ်နေရေးပြေလည်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

**နဂါးပါတီသီချင်းစာသား**

**နဂါးပါတီ**

**တေးရေး - ရွှေငြိမ်းမင်း**
**တေးဆို - ရွှေမန်းခေတ်**

(မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုခဲ့သည် ....

အများတကာညီ တရားမကွာပြီ နဂါးပါတီ အားသာသည်
ညီညီညာညာ စည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကိုထမ်းဆောင်လာကြသည် ......
စိတ်ထားတူညီမဲပေးကြမည် ....... ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ...)၂
(မင်္ဂလာပါ ပြည်သူအပေါင်းတွေ သောင်းသောင်းဖြဖြကြိုဆိုနေပြီ…
နဂါးပါတီ မေတ္တာတရားနဲ့ တိကျပြတ်သားစိတ်ထားခိုင်မာသည် ....
မင်္ဂလာပါ ပြည်သူအပေါင်းတွေ သောင်းသောင်းဖြဖြကြိုဆိုနေပြီ)....
ဒို့တောင်သူလယ်သမားတွေ တိုးတက်မှုအားခံ့ညားထည်ဝါသည်
တိုင်းပြည်လူမျိုးဆတက်ထမ်းပိုးကောင်းစားဖို့ အချိန်ခါရောက်လာပြီ
ဘာသာရောင် သာသနာရောင်တွေ ဝင်းပထိန်ချီ အများတကာညီ
တရားမကွာပြီ နဂါးပါတီ အားသာသည် ... ညီညီညာညာစည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည်
စိတ်ထားတူညီမဲပေးကြမည် ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ........ ၂

# ပြည်သူ့အလုပ်သမားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌ ဦးကျော်ဇင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်ပါအတိုင်းတင်ပြပါသည် –**

**မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။**

ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီကိုယ်စား ဟောပြောမယ့် ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌတာဝန်ကိုယူထားတဲ့ ဦးကျော်ဇင်ဖြစ်ပါတယ်၊ ကျွန်တော်တို့ပါတီဟာဆိုရင် ၂၀၁၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုဆိုရင် သက်တမ်းအားဖြင့် ၈ နှစ်ကျော်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒီ ၈ နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူအပေါင်းတို့ကို ကျွန်ုပ်တို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှနေပြီး ကူညီဆောင်ရွက်ပေးခဲ့မှုများကို ပါတီနှင့်နီးစပ်သူများနဲ့ လာရောက်အကူအညီတောင်းခံခဲ့ကြတဲ့ ကာယကံရှင်လုပ်သားပြည်သူများ အသိပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီအနေဖြင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင်ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအစိုးရ လက်ထက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအသစ်နဲ့ ပြန်လည်မှတ်ပုံတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းရုံးမည့်ပါတီအနေဖြင့် ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၌ ကျွန်တော် ဦးကျော်ဇင်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်တွင် ဦးရန်နောင်စိုးမြင့်၊ ရွှေပြည်သာမြို့နယ်တွင် ဦးညွန့်ဝင်းတို့က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား – ကျွန်တော်တို့ပါတီရဲ့ အခြေခံမူဝါဒနှင့်လမ်းစဉ်ကို ဦးစွာတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီတည်ထောင်စဉ်ကတည်းက ချမှတ်ထားတဲ့ အဓိကမူဝါဒကတော့ လူလူချင်းခွဲခြားဆက်ဆံမှုကင်းဝေးပြီး နိုင်ငံသားလုပ်သားပြည်သူတိုင်း ဥပဒေရဲ့အောက်တွင် တန်းတူညီမျှအခွင့်အရေးရရှိဖို့အရေးပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေဟာဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲလမ်းစဉ်ဖြင့်သာ ပြည်သူအပေါင်းလိုလားသော ကိုယ်စားလှယ်ကို ရွေးချယ်နိုင်မှာဖြစ်သလို ရွေးကောက်ပွဲနည်းလမ်းတစ်ခုတည်းနှင့်သာ ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပါတီအားလုံး ဥပဒေနှင့်အညီ တန်းတူအခွင့်အရေးရရှိရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်ရေးအပြင် မဲဆန္ဒရှင်များ မှန်ကန်တိကျစေရေးနဲ့ မဲပေးနိုင်မယ့်လူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးတို့အတွက် ဥပဒေနှင့်အညီ မဲစာရင်းများ မှန်ကန်စွာဆောင်ရွက်နိုင်မှသာလျှင် စစ်မှန်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီးကာလတို့တွင် ကျွန်တော်တို့ တစ်ပါတီချင်းသော်လည်းကောင်း၊ ပါတီများစုပေါင်း၍သော်လည်းကောင်း ထိုအချိန်က တာဝန်ယူခဲ့သော ရွေးကောက်ပွဲကော်မရှင်သို့ မဲဆွယ်စည်းရုံးမှုများတွင် တရားမျှတမှုမရှိခြင်း၊ မဲစာရင်းများမှားယွင်းနေခြင်းတို့ကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း လျစ်လျူရှုခြင်းခံခဲ့ရတာကိုလည်း အသိပေးပြောကြားလိုပါတယ်။ အဲဒါရဲ့ အကျိုးဆက်အနေနဲ့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရဲ့ မဲစာရင်းမှားယွင်းမှု၊ မဲမသမာပြုမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအနေနဲ့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း ရွေးကောက်ပွဲကြီးကို ကျင်းပပေးခြင်းအပေါ် ကျွန်တော်တို့နိုင်ငံရေးပါတီများသာမက လုပ်သားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ရဲ့အခွင့်အရေးကို မိမိတို့လက်နဲ့ ပြန်လည်ရယူပြီး ပါတီစုံဒီမိုကရေစီလမ်းပေါ် ပြန်လည်လျှောက်လှမ်းရမည်ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ပါတီအနေဖြင့် ပြည်သူများရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ကြီးပေါ်ပေါက်လာတဲ့အခါ အဓိကထားဆွေးနွေးလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍပဲဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင်ဖြင့် မည်သည့်အစိုးရအုပ်ချုပ် အုပ်ချုပ် တိုင်းပြည်တိုးတက်ဖို့ရာ ဝေးနေဦးမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့တိုင်းပြည်ဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ရင် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တယ်ဆိုတာ **ပြည်တွင်းပဋိပက္ခတွေရဲ့** ဒုက္ခပေးမှုလို့ပဲ တင်ပြချင်ပါတယ်။ **ပြည်တွင်းပဋိပက္ခဖြစ်နေတဲ့** ဒေသတွေမှာဆိုရင်ဖြင့် ပညာရေး၊ ကျန်းမာရေးကအစ နှောင့်နှေးကြန့်ကြာနေမှာဖြစ်သလို ကျန်ဒေသတွေမှာဆိုရင်ဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ လူမှုအဆင့်အတန်းနိမ့်ကျနေတယ်ဆိုတာကို လုပ်သားပြည်သူတို့ မျက်မြင်ပဲဖြစ်ပါတယ်။ အဲ့ဒီလို လူမှုဘဝမစည်ပင်တာကြောင့် ကျွန်တော်တို့နိုင်ငံသား အလုပ်လုပ်နိုင်တဲ့ အရွယ်တွေဟာဆိုရင်ဖြင့် နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သက်ဆိုင်ရာ နိုင်ငံကသူတွေ မလုပ်ချင်တဲ့အလုပ်၊ မလုပ်နိုင်တဲ့ အလုပ်တွေကို လုပ်ကိုင်နေရတာဆိုရင်ဖြင့် စစ်တမ်းများအရ တစ်နှစ်ထက်တစ်နှစ်တိုးလာတာကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ အဲ့ဒီလိုဖြစ်ရတာဟာ နိုင်ငံသားတွေမှာသာ ထိခိုက်ရုံသာမက နိုင်ငံတော်အတွက်လည်း လုပ်အားဆုံးရှုံးနစ်နာမှုဖြစ်ပေါ်စေတဲ့အတွက် ကုန်ထုတ်စွမ်းအားကျဆင်းပြီး နိုင်ငံဖွံ့ဖြိုးမှုနောက်ကျစေတယ်လို့ ကျွန်တော်မြင်မိပါတယ်။ ဒ့ါအပြင် ထာဝရငြိမ်းချမ်းရေးနဲ့ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ** ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားအချင်းချင်းအပြန်အလှန်တာဝန်ယူမှု၊ တာဝန်ခံမှုများထားရှိကာ နားလည်မှုတည်ဆောက်ရမှာဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန်ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ အစဉ်ဖြစ်ထွန်းနေမှသာ ကျွန်ုပ်တို့ပြည်ထောင်စုကြီး ထာဝရမပြိုကွဲဘဲ အစဉ်ထာဝရ ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိတဲ့ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းကို အစဉ်အလေးထား ထောက်ခံသွားမည်ဖြစ်သည့်အပြင် ပြည်သူအပေါင်းတို့ကလည်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ကြဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

လုပ်သားပြည်သူများခင်ဗျား – လူမှုစီးပွားဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံ၊ ဆင်းရဲတဲ့နိုင်ငံတွေမှာဆိုရင်ဖြင့် အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့်လုပ်သားပြည်သူတွေဟာဆိုရင်ရတဲ့လုပ်ခလစာနဲ့ စားဝတ်နေမှုကိုဖြေရှင်းဖို့ ခက်ခဲတယ်ဆိုတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းဖို့ဆိုရာတွင် ကျွန်တော်တို့ ပြည်တွင်းလိုအပ်ချက်တွေကို ပြည်ပကနေ တင်သွင်းမှုနည်းအောင် ပြည်တွင်းမှာ ကိုယ်ပိုင်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ဖို့ အဓိကလိုအပ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်ကလည်း အခြေခံအဆောက်အဦတွေဖြစ်တဲ့ နေရာနဲ့ကုန်ကြမ်း ကျွန်တော်တို့တိုင်းပြည်မှာရှိပါသော်လည်း နည်းပညာနဲ့ လျှပ်စစ်ကဏ္ဍတွင် အားနည်းတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျာ။ ကြားသိရတဲ့ သတင်းများအရ နိုင်ငံတော်တွင် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အဏုမြူစွမ်းအင်အသုံးပြုပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်အောင် ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲ ရုရှားနိုင်ငံသို့ သွားရောက်တဲ့ခရီးစဉ်မှာ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အနာဂတ် ကျွန်တော်တို့နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တော့မှာဖြစ်ပါတယ်။ အဓိကလိုအပ်တဲ့ နည်းပညာအတွက်ဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံသားတွေ ပညာတတ်ဖို့လိုအပ်ပါတယ်။ အမျိုးသားပညာရေးအခန်းကဏ္ဍကို ပြောကြားရလျှင် ၎င်းနဲ့ဆက်စပ်နေတဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကိုပါ ထည့်သွင်းပြောကြားရမှာဖြစ်ပါတယ်။ ကျန်းမာရေးမပြည့်စုံရင်ဖြင့် ပညာရေးလည်းမလုပ်နိုင်သလို အခြားအခြားသော မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ အမျိုးသားကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ရာမှာလည်း ယနေ့လူငယ်တွေရဲ့ ကျန်းမာရေးဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ ယနေ့လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရင်ဖြင့် ကျွန်တော်တို့အနေနဲ့ လွန်စွာမှအားမရပါဘူး။ အဓိကအားဖြင့် လူငယ်များကျန်းမာကြံ့ခိုင်ဖို့ဆိုတာ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ဖို့နဲ့ သင့်တင့်သော ကျန်းမာရေးလိုက်စားမှုများ ပြုလုပ်စေရေးတို့ကို အလေးထားဆောင်ရွက်မှာဖြစ်ပါတယ်။ သို့မှသာ တိုင်းပြည်အတွက် အားကိုးအားထားပြုရမယ့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူ့အလုပ်သမားပါတီအနေနဲ့ တတ်စွမ်းသမျှ ပြည်သူတွေရဲ့ လူမှုဘဝကို ကာကွယ်ဖို့၊ လူငယ်တွေဘဝကို ကာကွယ်ဖို့ မူးယစ်ဆေးတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပညာရေးမှာ ကြည့်ပြန်တော့လည်း စီးပွားရေးက အဆင်မပြေလို့ ပညာရေးတစ်ပိုင်းတစ်စနဲ့တင် အဆုံးသတ်လိုက်တာက များလာတာကို တွေ့ရတဲ့အတွက်လည်း ပညာတတ်ရှားပါးမှုကို ရင်ဆိုင်လာရပါတယ်။ ဒီလိုသာ တဖြည်းဖြည်းနဲ့ ပညာရေးဘက်မှာ အားနည်းလာရင် ကျွန်တော်တို့တိုင်းပြည်ဟာ အနာဂတ်မှာ ဒုက္ခဖြစ်ဖို့သာရှိပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့်လည်း အမျိုးသားပညာရေးနဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကို အမျိုးသားရေးအမြင်နဲ့ ဦးစားပေးဆောင်ရွက်ရန် အစဉ်အလေးထားတိုက်တွန်းသွားမှာဖြစ်သည့်အပြင် ပါတီအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လုပ်သားပြည်သူများခင်ဗျား – ဆက်လက်၍ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီရဲ့ နိုင်ငံရေးမူဝါဒကိုတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေဖြင့် အမျိုးသားရေးကို ဘယ်သောအခါမျှ သစ္စာဖောက်မှာမဟုတ်ဘူးဆိုတာကို ရဲရဲကြီးအာမခံပါတယ်။ အမျိုးဘာသာ၊ သာသနာကို ဘယ်တော့မှ ကိုယ်တိုင်လည်း မစော်ကားသလို တစ်ပါးသူထိပါးစော်ကားလာရင်လည်း လုံးဝလက်ခံမှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုကြီးအကျိုးကို နိုင်ငံရေးနဲ့ အစဉ်တည်တံ့စေရန်ဆောင်ရွက်တဲ့အခါမှာ အမျိုးသားရေးကို သစ္စာမဖောက်တဲ့ အဖွဲ့အစည်းအားလုံးနဲ့ လက်တွဲဆောင်ရွက်နိုင်တယ်ဆိုတာလည်းပြောကြားလိုပါတယ်။ အဓိကအနေနဲ့ **ဒို့တာဝန်အရေး ၃ ပါး** ကို ကာကွယ်သောမြန်မာ့တပ်မတော်ကို အမျိုးသားနိုင်ငံရေးလုပ်သောအဖွဲ့အစည်းအမြင်နဲ့ အစဉ်လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်ရင် ၎င်းတို့ရဲ့အမျိုးသားအကျိုးစီးပွားကို အဓိကထားတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့တိုင်းရင်းသားများလောက် ဘယ်ပြည်ပနိုင်ငံသားကမှ ပိုအလေးထား၊ ပိုချစ်တယ်ဆိုတာ ယုံနိုင်စရာမရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်သားပြည်သူတို့ရဲ့ စည်းရုံးစုပေါင်းမှုနှင့် ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ရမှာဖြစ်ပါတယ်။ ကမ္ဘာ့သတင်းတွေကိုကြည့်ရုံဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အားနည်းတဲ့ နိုင်ငံတွေဟာဆိုရင်ဖြင့် တိုင်းတစ်ပါးသြဇာခံဖြစ်သွားကြတာကို ကျွန်တော်တို့တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲ့ဒီဥပမာတွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့တိုင်းပြည်အနေဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း အလေးအနက်ထားပြောကြားလိုပါတယ်။

ဆက်လက်၍ အထွေထွေကဏ္ဍကို ဆွေးနွေးပြောကြားရလျှင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့သမိုင်းကို ပြန်ကြည့်ရင်ဖြင့် အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသော ကျောင်းသားလူငယ်များဟာဆိုရင်ဖြင့် မိမိပစ္စုပ္ပန်မှာ လုပ်ဆောင်နေတဲ့ကိစ္စတွေကို တာဝန်တစ်ရပ်လို တာဝန်ကျေပွန်စွာလုပ်ဆောင်နိုင်ပါမှ နိုင်ငံတော်ကြီးဟန်ချက်ညီညီ တိုးတက်မည်ကိုလည်း သတိချပ်စေချင်ပါတယ်။ အိမ်ရှင်မတစ်ဦးအနေဖြင့် ထမင်းချက်နေသည်ပင်လျှင် နိုင်ငံရေးနဲ့ပတ်သက်နေတယ်လို့ဆိုချင်ပါတယ်။ ထိုနည်းတူစွာပဲ ပညာကိုကောင်းမွန်စွာသင်ကြားခြင်းဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်ဖုံ ပံ့ပိုးနေခြင်းဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာဆိုရင် ပညာသင်ကြားရမယ့် ကလေးသူငယ်တို့ကိုလည်း အနှောင့်အယှက်ဖြစ်စေဖို့ လုပ်ဆောင်ခဲ့ကြတာတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ၎င်းတို့တာဝန်ဝတ္တရားများ ကောင်းမွန်စွာ မထမ်းဆောင်နိုင်စေရန် အမျိုးမျိုးနှောင့်ယှက်ခဲ့ကြတာကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ အဲ့ဒီလိုလုပ်ခဲ့တဲ့ ရလဒ်နဲ့အကျိုးဆက်အနေဖြင့် ဘာတွေခံစားခဲ့ရတယ်ဆိုတာကို လုပ်သားပြည်သူတို့အသိပင်ဖြစ်ပါတယ်။

**စာမျက်နှာ ၂၀ သို့**

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

☆ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

☆ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲ အခမ်းအနားကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာ မီးပုံးပျံကွင်း၌ ယနေ့ ညနေ ၅ နာရီက ၂၀၂၅ ခုနှစ်တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရှမ်းအက၊ သိုင်းအက၊ တိုးနရားအက၊ ကိန္နရီကိန္နရာ၊ ဇာမဏီအက၊ တိုင်းရင်းသားအကတို့ဖြင့် ကပြဖျော်ဖြေသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အကဲဖြတ်ဒိုင်အဖွဲ့များ၊ တန်ဆောင်တိုင်ပွဲတော် အဖွင့်သီချင်း သီဆိုဖျော်ဖြေပေးသော တေးသံရှင်များ၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် ပတ်သက်၍ နေ့စဉ်တင်ဆက်ပေးသူ ဦးတင့်ဆွေ၊ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးပေးသော ဦးကျော်ကျော်ဝင်း၊ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် နေ့စဉ် Live ထုတ်လွှင့်ပေးသော သတင်းမီဒီယာ ခုနစ်ခု၊ အကနည်းပြငါးဦး၊ တိုင်းရင်းသားအကအဖွဲ့ ကိုးဖွဲ့၊ ပညာရေးဒီဂရီကောလိပ် အကအဖွဲ့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာကျောင်းငါးကျောင်းနှင့် အခမ်းအနားမှူး ခြောက်ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး မီးပုံးပျံပြိုင်ပွဲများတွင် နေ့လွှတ်အရုပ်၊ စိန်နားပန် မီးပုံးပျံနှင့် ညမီးကြီး မီးပုံးပျံတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ နှစ်သိမ့်ဆုရရှိသူများကို ဆုတံဆိပ်နှင့်ငွေသားဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တန်ဆောင်တိုင်ပွဲတော်ကို ပိတ်သိမ်းကြောင်းကြေညာရာ ပိတ်ပွဲအခမ်းအနားအထိမ်းအမှတ် မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများပစ်ဖောက်ပြီး တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အဆိုတော်ဟိန်းကိုက "လှမ်းခဲ့ပါချယ်ရီမြေ"နှင့် " မင်္ဂလာပါမိုင်ဆုန်ခ" သီချင်းတို့ဖြင့် ဖျော်ဖြေ၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ် အကအဖွဲ့တို့က တူညီအကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ (၄၀၅)

**စာမျက်နှာ ၁၉ မှအဆက်**

အဲ့ဒီလိုပြုမူခဲ့ကြခြင်းရဲ့ ရလဒ်အနေနဲ့ ထိခိုက်နစ်နာမှုကိုခံစားရသည်မှာ ကျွန်တော်တို့ လုပ်သားပြည်သူများနဲ့ ကျွန်တော်တို့နိုင်ငံတော်ပင်ဖြစ်ပါတယ်။ ဖြစ်ခဲ့တဲ့အတိတ်ဖြစ်စဉ်တွေကို ကျွန်တော်တို့ သင်ခန်းစာယူပြီး နောက်နောင် အလားတူဖြစ်ရပ်မျိုးထပ်မဖြစ်အောင် ကျွန်တော်တို့ အားလုံးဝိုင်းဝန်းကာကွယ်ခြင်းဖြင့် လူငယ်တို့ရဲ့အနာဂတ်ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုရာတွင် အဂတိတရားကင်းရှင်းဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ အဂတိတရားကင်းရှင်းဖို့ဆိုရာဝယ် ၎င်းတို့မိသားစုစားဝတ်နေမှု ဖူလုံ လုံလောက်ဖို့အရေးကြီးတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ အဲဒီတော့ ခေတ်မီတိုးတက်မှုနဲ့အတူ မြင့်တက်လာတဲ့ကုန်ဈေးနှုန်းကို ကာမိနိုင်အောင် လစာရရှိပါမှ နိုင်ငံ့ဝန်ထမ်းများဘဝ လူတန်းစေ့နေနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တွေ့ရှိနေရတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ဘဝကို ဥပမာအနေနဲ့တင်ပြလိုပါတယ်။ တစ်သက်လုံး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်လို့ ပင်စင်ယူတဲ့အခါ နေစရာကမရှိ၊ ကြီးမြင့်လှတဲ့ အိမ်ငှားခတို့ရဲ့နှိပ်စက်မှု၊ ကုန်ဈေးနှုန်းကိုလိုက်မမီတဲ့ ပင်စင်လစာတို့ကြောင့် အသက်အရွယ်အိုမင်းမစွမ်းကာမှ အတိဒုက္ခရောက်နေရတာကို စိတ်မကောင်းစွာ တွေ့မြင်နေရပါတယ်။ ယခုသတင်းများအရစစ်မှုထမ်းအိမ်ရာဖော်ဆောင်နေမှုကို နိုင်ငံတော်အကြီးအကဲ သွားရောက်ကြည့်ရှုစစ်ဆေးနေတာတွေ့ရလို့ တပ်မတော်သားဟောင်းကြီးများအတွက် ကျွန်တော်တို့လွန်စွာဝမ်းမြောက်မိပါတယ်။ အဲ့ဒီလိုပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားအခြားသော နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသော ဝန်ထမ်းကောင်းဖြစ်ခဲ့တဲ့ ဝန်ထမ်းဟောင်းကြီးများအတွက်လည်း စိတ်အေးသက်သာစွာနေထိုင်နိုင်ရန်အတွက် ကျွန်တော်တို့ပြည်သူ့အလုပ်သမားပါတီအနေဖြင့် အစဉ်တိုက်တွန်းဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူများကို ဘာတွေလုပ်ပေးမယ်ဆိုပြီး ကျွန်တော်တို့ဘယ်သောအခါမှ လိမ်လည်ကတိပေးနေမှာ မဟုတ်ပါဘူး။ ပြည်သူလိုအပ်တာကို လုပ်ပေးမယ်ဆိုပြီးတော့လည်း အိပ်မက်တွေပေးနေမှာမဟုတ်ပါဘူး။ အိပ်မက်ဆိုတာ အိပ်ရာကနိုးရင် အားလုံးပျောက်ကွယ်သွားမယ့်အရာတွေပါ။ ကျွန်တော်တို့အနေနဲ့ စွမ်းအားရှိသလောက် လုပ်သားပြည်သူတို့နဲ့အတူ မတရားမှုတို့ကို ဥပဒေနဲ့အညီ တိုက်ပွဲဝင်ပါ့မယ်ဆိုတဲ့ ကတိကို ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့သေချာပေးနိုင်ပါတယ်။ ဒါ့အပြင် လုပ်သားပြည်သူတို့ဘက်ကလည်း စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီတိုင်းပြည်ကြီးပေါ်ထွန်းလာအောင် မဲရုံသို့သွားရောက်ပြီး မပျက်မကွက် နိုင်ငံသားတာဝန်ကျေပွန်အောင် မဲပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။

**တေးရေး- ကိုလဝန်းအောင်**

**တေးဆို-ဖူးပွင့်ရွှေရည်လှိုင်**

- အပြာရောင်အောက်ခံ တည်ကြည်ခြင်းအဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင်ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထားကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့စင်ကြယ်အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွားပြည်နယ်နဲ့တိုင်းကိုယ်စား

- အပြာရောင်အောက်ခံ တည်ကြည်ခြင်းအဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကို လွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင်ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထားကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ်အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွားပြည်နယ်နဲ့တိုင်းကိုယ်စား

- ပေါင်းစည်းတဲ့ ဒီအင်အားရှေ့ဆက်ဖို့မေတ္တာထား အမြဲတမ်းပဲလက်ကိုင်ထား ရှေ့ဆက်ဖို့ကရုဏာတရား ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီ ငါတို့အတွက်အားဖြစ်စေမည် ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီတရားမျှတမှုရှိစေမည်။

- အပြာရောင်အောက်ခံ တည်ကြည်ခြင်းအဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင်ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထားကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့စင်ကြယ်အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွားပြည်နယ်နဲ့တိုင်းကိုယ်စား

- အပြာရောင်အောက်ခံ တည်ကြည်ခြင်းအဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင်ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထားကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့စင်ကြယ်အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွားပြည်နယ်နဲ့တိုင်းကိုယ်စား

- ပေါင်းစည်းတဲ့ ဒီအင်အား ရှေ့ဆက်ဖို့မေတ္တာထား အမြဲတမ်းပဲ လက်ကိုင်ထားရှေ့ဆက်ဖို့ ကရုဏာတရား၊ ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီ ငါတို့အတွက်အားဖြစ်စေမည် ပြည်သူ့အလုပ်သမားပါတီ၊ ပြည်သူ့အလုပ်သမားပါတီတရားမျှတမှုရှိစေမည်။

- အပြာရောင်အောက်ခံ တည်ကြည်ခြင်းအဆုံးအစမဲ့ ကျယ်ပြန့်ခြင်းလောကကိုလွှမ်းခြုံပြီး အေးချမ်းသာယာစေ နိုင်ငံမြေပုံအနီရောင်ရဲရင့်ခြင်းကိုဆောင် ရွှေရောင်စပါးနှံကွပ်ထားကြီးကျယ်မြင့်မြတ်သလား သန့်ရှင်းလို့ စင်ကြယ်အဖြူရောင်လည်းပါတယ်။ မီးခိုးရောင်စက်သွားပြည်နယ်နဲ့တိုင်းကိုယ်စား

# ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်



**ကျောက်မဲ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင်ကျင်းပရာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ကျောက်မဲဒေသတွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ကျောက်မဲမြန်မာ့စီးပွားရေးဘဏ်ခွဲကို ယာယီပိတ်သိမ်းခဲ့ရကြောင်း၊ ယခုအခါ ကျောက်မဲမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယနေ့မှစ၍ ဘဏ်ကိုပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံတစ်ဝန်း ငွေလွှဲခြင်းလုပ်ငန်း၊ စာရင်းရှင်စာရင်းဖွင့်သည့်လုပ်ငန်း၊ အငြိမ်းစားလစာထုတ်သည့်လုပ်ငန်း၊ ငွေစုဆောင်းအပ်နှံခြင်းလုပ်ငန်း အစရှိသည့်ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်း၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် တာဝန်ရှိသူများသည် ဘဏ်မှအငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာ ထုတ်ပေးနေသည့်အခြေအနေများကြည့်ရှု၍ သက်ကြီးရွယ်အိုအငြိမ်းစားပင်စင်စားဝန်ထမ်းများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၈ ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၈ ပါ ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း ဘီးလင်းမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျောက်ရထားလမ်းချော်ကျမှုဖြစ်ပွားခဲ့သည့်သတင်းတွင် ဖော်ပြပါရှိသည့် ဖြစ်စဉ်ဖြစ်ပွားသည့်ရက်ကို နိုဝင်ဘာ ၆ ရက်**အစား** နိုဝင်ဘာ ၇ ရက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြန်မာ့မီးရထား**

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် ညအပူချိန်များ

(၈ - ၁၁ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၁၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၁၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |





☆ ကျောဖုံးမှအဆက်

ကိုးထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဈေးဆိုင်နှင့်လူနေ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ ဈေးဆိုင်နှင့် လူနေ လေးထပ်အဆောက်အအုံ နှစ်လုံး၊ စားသောက်ဆိုင်နှင့် လူနေ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ ဂိုဒေါင် ၁၂ လုံး၊ ခြောက်ထပ်ဟိုတယ် တစ်လုံး၊ GYM အားကစားခန်းမ တစ်ခု၊ နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ လေးထပ် ဆေးရုံအဆောက်အအုံ တစ်လုံး၊ နှစ်ထပ် Canteen အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ် ဈေးဆိုင်အဆောက်အအုံ နှစ်လုံး၊ သုံးထပ်လူနေလိုင်းခန်းအဆောက်အအုံ သုံးလုံး စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံး တည်ရှိခဲ့သည်။

ထို့အတူ ပန်းခြံများ၊ အားကစားရုံများ၊ ဖူဆယ်ကွင်းများ၊ ပိုက်ကျော်ခြင်းကွင်းများ၊ ဘတ်စကက်ဘောကွင်းများလည်း တည်ရှိပြီး ယခုအခါ ယင်းနယ်မြေအတွင်းရှိ အဆောက်အအုံများအားလုံးကို ဖြိုချဖျက်ဆီးလျက်ရှိရာ အဆောက်အအုံ ၁၀၁ လုံး ဖြိုချဖျက်ဆီးပြီး ကျန်ရှိသည့် ၄၇ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကိုတစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ရှိသည့်အပြင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလားတူ Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြဝတီ-မယ်ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၇၆၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**အောင်ဂျိုင်း**





KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများစုဖွဲ့နေထိုင်သော အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

# မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ပတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ တလိုင်းကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ကိုးပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တလိုင်းကုန်းကျောင်းတိုက်ဆရာတော်အားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အနောက်ရပ်ကွက် မြတောင်ကျောင်းတိုက်ရှိ သံဃာတော် ၁၂၉ ပါးနှင့် ဒေသခံပြည်သူ ၆၄ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဆန်၊ဆီ၊စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အပါအဝင် မြို့နယ် ၁၄ မြို့နယ်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် အပါအဝင် မြို့နယ် ခြောက်မြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများပြည်သူ့ဆေးရုံများနှင့် ပန်းခြံတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ❖ ဖမ်းဆီးရမိမှုအဆက်

ဖမ်းဆီးရမိအမှုတွဲ ၁၁၉ မှု၊ ဖမ်းဆီးရမိမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇ ဒသမ ၁၂၀ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားမှုများကြောင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တရားမဝင်သစ်မျိုးစုံနှင့် ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်ပို့၊တင်သွင်းမှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်တင်ပို့၊ တင်သွင်းမှုများကို သတင်းပေးတိုင်ကြားရန် ဖြစ်သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၇၇ ဒသမ ၁၂၀ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၂၉၅ ဒသမ ၄၂၄ သန်းကိုသတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၆၉၉၆၁၁၁၆၊အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် Eastern Yangon Eventpark ၌ကျင်းပသည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အများပြည်သူကို စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူ

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းပေါ်ရှိ Eastern Yangon Eventpark ၌ပြုလုပ်သည့် Over Flow Music Festival ဖျော်ဖြေပွဲတွင် ညစ်ညမ်းစွာသီဆိုဖျော်ဖြေခဲ့ကြသည့် အဆိုတော် Wink ၊ Bkho bain နှင့် ပူးပေါင်းပါဝင်သူများအား ဖော်ထုတ်အရေးယူမှု




**နေပြည်တော် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ Eastern Yangon Eventpark ၌ ကျင်းပပြုလုပ်သည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အဆိုတော် Wink(ခ) ရဲဝင့်အောင်(ခ)ဗလနှင့် Bkho Bain(ခ) သိန်းမင်းထက်တို့ ဦးဆောင်သည့်အဖွဲ့က အများပြည်သူကို စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဖျော်ဖြေပွဲဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြသည့် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်) ရပ်ကွက်နေ တင်ရတနာသိမ့် ၂၈ နှစ်၊ မရမ်းကုန်းမြို့နယ် စည်ပင်မီးသတ်ရုံးဝန်ထမ်းအိမ်ရာနေ ဟန်လင်းထက် ၂၇ နှစ်နှင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက်နေ အောင်ခန့်မော်(ခ) ဂျပန်ကြီး ၂၉ နှစ်တို့သည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ Eastern Yangon Eventpark ၌ Overflow Music Festival ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖျော်ဖြေပွဲပြုလုပ်နိုင်ရန် စီစဉ်ခဲ့ကြောင်း၊အဆိုတော် Wink(ခ) ရဲဝင့်အောင်(ခ)ဗလ၊ Bkho Bain(ခ) သိန်းမင်းထိုက်တို့ကို နိုဝင်ဘာ ၂ ရက်ညတွင် အခြားအဆိုတော်များနှင့်အတူ ဖျော်ဖြေပေးရန် ငှားရမ်းခဲ့ကြောင်း၊ နိုဝင်ဘာ ၂ ရက်ညတွင် အဆိုတော် Wink (ခ) ရဲဝင့်အောင်(ခ) ဗလနှင့် Bkho Bain (ခ) သိန်းမင်းထက်တို့နှစ်ဦးသည် 'ရပါတယ်နှင့် 5.55566' သီချင်းအပါအဝင် သီချင်း ၁၂ ပုဒ်ကို သီဆိုဖျော်ဖြေခဲ့ကြောင်း၊ '5.55566' သီချင်းကို ဖျော်ဖြေရာတွင် အများပြည်သူကို စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသော စကားများပြောဆိုကာ လာရောက်ကြည့်ရှုသည့် ပရိသတ်များအတွင်းသို့ 'ကွန်ဒုံးများ' ဖြန့်ကြဲပြီးနောက် သီဆိုဖျော်ဖြေခဲ့ကြောင်း၊ ထိုသို့ဖျော်ဖြေနေစဉ် ၎င်းတို့နှစ်ဦးအပါအဝင် ၁၃ ဦးခန့်က စင်ပေါ်တက်ရောက်၍ ကခုန်ခြင်း၊ Video ရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ဖော်ထုတ်ချက်အရ အခင်းဖြစ်နေ့တွင်သီဆိုဖျော်ဖြေကခုန်ခြင်း၊ Video ရိုက်ကူးခြင်းများတွင် ပါဝင်ခဲ့ကြသူများကို ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ သီဆိုဖျော်ဖြေရာတွင် ပါဝင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မြို့သစ်(က)ရပ်ကွက်နေ It’s Phyo (ခ) ဖြိုးသန့်အောင်(ခ) ကိုဖြိုး ၂၈ နှစ်အား နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ 'What’s Up Cafe' ' ဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ စတိတ်စင်ပေါ်၌ သီဆိုကခုန်ခဲ့သည့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ပြည့်စုံထွန်း (ခ) စိုင်းမွမ်းဖ ၂၇ နှစ်အား ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍လည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ သက်လှိုင်ဝင်း(ခ) ကိုသက် ၂၉ နှစ်၊ ချမ်းမြသာစည်မြို့နယ်နေကြသူများဖြစ်ကြသည့် အာကာဖြိုး(ခ)အာကြီး ၂၇ နှစ်၊ မင်းမော်ထွန်း(ခ) မော်ကြီး ၂၇ နှစ်၊ ဟိန်းလွင်ထွန်း(ခ) ဖိုးထန်း ၁၆နှစ်၊ စိုင်းလောင်ခေး ၂၅ နှစ်တို့ကို နိုဝင်ဘာ ၅ ရက် ည ၈ နာရီတွင် ၎င်းတို့၏နေအိမ်များမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ဝေလင်းအောင် ၂၂ နှစ်အား ယင်းနေ့ည ၈ နာရီ ၁၅ မိနစ်တွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ဗဝတီရပ်ကွက်နေသူများဖြစ်ကြသည့် အဆိုတော် Wink(ခ) ရဲဝင့်အောင်(ခ) ဗလ၊ ပြည့်ဇော်အောင်(ခ) Pause ၂၃ နှစ်နှင့် ထိုက်အောင်ကျော်မြတ်(ခ) ဖြဲကြီး ၂၁ နှစ်တို့ကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍လည်းကောင်း။

ထို့အတူ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ အဆိုတော် Bkho Bain (ခ) သိန်းမင်းထက် ၂၉ နှစ်နှင့် ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက်နေ လင်းလင်းထွန်း(ခ) လင်းထွန်း ၂၃ နှစ်တို့သည် သုဝဏ္ဏနယ်မြေရဲစခန်းသို့ လာရောက်အဖမ်းခံသဖြင့် အသီးသီးအမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။


ထိုသို့အများပြည်သူကို စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ 'ကွန်ဒုံးများ'ဖြန့်ဝေပြီး သီဆိုကခုန်ခဲ့ကြသူများဖြစ်ကြသည့် အဆိုတော် Wink(ခ) ရဲဝင့်အောင်(ခ) ဗလနှင့် Bkho Bain (ခ) သိန်းမင်းထက် တို့ပါ အမျိုးသား ၁၃ ဦးနှင့် ပွဲစီစဉ်သူများဖြစ်ကြသည့် တင်ရတနာသိမ့်၊ ဟန်လင်းထက်နှင့် အောင်ခန့်မော်(ခ) ဂျပန်ကြီးတို့ကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်း၌ (ပ)၂၁၃/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၅၀၅-က/ ၂၉၄/၁၁၄ အရ အမှုရေးဖွင့်ထားရှိကြောင်းနှင့် ၎င်းတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)


## ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း ရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်ကို သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ





# ဝတ္ထုတိုကလျာ

## နှောင်ဖွဲ့ခြင်း

### မနှင်းဖွေး

**နိုဝင်ဘာ ၇ ရက်မှအဆက်**

"နံလိုက်တဲ့သေးစော်၊ သေးတကာ့သေး ကြောင်သေးက အနံဆုံးပဲ။ ညည်းတို့ကြောင် စည်းကမ်းမရှိချက်ကတော့ ဘယ့်နှယ်တော်။ ပြတင်းပေါက်ပေါင်ပေါ်တက်ပြီး သေးပန်းရတယ်လို့"

"ကျွန်မ စည်းကမ်းလေးလုပ်ပ့ါမယ် မမမြိုင်ရယ်၊ ဒီကောင်လေးက ရောက်စဆိုတော့ မသိသေးလို့ပါ။ ဟဲ့ မြီးရှည် နောက် ဒီလိုမလုပ်ရဘူးနော်"

"အမယ်လေးလေး ဒေါ်ခင်လေးရေ ညည်းကြောင်လုပ်ပုံကို လာကြည့်အုံး ဘုရားစင်အောက်တည့်တည့် ချေးလာပါထားရတယ်လို့၊ ငါလေ ပြောမပြောချင်တော့ဘူး။ ဟင်း ဟင်း ဟင်း"

"ကျွန်မ အခုပဲ ကျုံးလိုက်ပါမယ် မမ။ ပြာလင်ပန်းပေါ်ဖင်ဆောင့်ပြီး သင်ပေးထားတာပဲ။ ဒီကောင်ကလေးမှတ်မထားဘူး။ မြီးရှည် အခု နင်အဆူခံရပြီမဟုတ်လား"

"ဟောကြည့် ငါ ထမင်းစားပွဲပေါ်တင်ထားတဲ့ ငါးကြော်တစ်ပိုင်း ဘယ်ရောက်သွားပါလိမ့်လို့။ ခင်လေးရေ ညည်းကြောင် ခိုးစားထားတာ လာကြည့်လှည့် လာကြည့်လှည့်၊ ဒီမှာ ပေပွနေတာပဲ"

"လာပါပြီ မမ လာပါပြီ။ မြီးရှည်ရယ် နင်ကလဲလေ လုပ်လိုက်ရင် ပြောစရာချည်းပဲကိုး။ နင့်ကို ဒီလောက်ကျွေးထားလျက်နဲ့ ဘာလို့ခိုးစားရတာလဲ။ ဒီတစ်ခါပဲ သည်းခံလိုက်မယ်နော်။ နောက်တစ်ခါဆိုရင်တော့ အရိုက်ပဲ။ ဟောဒီမှာ ကြည့်ထား တံမြက်စည်းရိုး"

တစ်နေ့တစ်နေ့ ကြောင်အမှု၊ ကြောင်ကိစ္စ၊ ကြောင်ဝေယျာဝစ္စ လုပ်ကိုင်ပြောဆိုနေရတာနှင့်ပဲ ဒေါ်ခင်မြိုင်တို့ ညီအစ်မနှစ်ယောက်မှာ အားရ၊ နားရ၊ ပုတီးစိပ်ရ၊ တရားနာရချိန်ပင် မရှိတော့ပေ။

(၄)

ဒေါ်ခင်မြိုင်တို့အိမ်ရောက်ပြီး သုံး၊ လေးလလောက်ကြာတော့ မြီးရှည်တစ်ကောင် တစ်သွေးတစ်မွေးဖြစ်လာသည်။ ငါးထမင်းနယ်နှင့် ကြောင်စာကိုစားပြီး ဖိုးပြည့်က မကုန်နိုင်ဘူးဟုဆို၍ တမင်သက်သက်ချန်ထားသော နွားနို့လက်ကျန်များကို သောက်ရဖန်များသဖြင့် ဝဝဖြိုးဖြိုးဖြစ်လာသည်။

အဖြူနှင့်အနက်စပ်ထားသော သူ့အမွေးအမှင်များကလည်း ထူထူသိပ်သိပ်နှင့် ပြောင်လက်အရောင်ထွက်လာသည်။ ဖန်ဂေါ်လီလုံးလို ဝိုင်းစက်နေသော သူ့မျက်လုံးပြာပြာကလဲ ကြည်လဲ့နေသည်။ ရောက်စကလို ပိန်လှီလှီ၊ မွဲခြောက်ခြောက်၊ အရုပ်ဆိုးဆိုး ကြောင်ပေါက်စလေးမဟုတ်တော့ပေ။ တကယ်သားသားနားနား လှတပတချစ်စရာကြောင်ထီးကလေးတစ်ကောင်ဖြစ်လာသည်။

အနေအထိုင်၊ အစားအသောက်လည်း စည်းကမ်းရှိလာသဖြင့် ဒေါ်ခင်မြိုင်၏ ပြူစူခြင်း၊ မျက်မုန်းကျိုးခြင်းကိုလည်း သိပ်မခံရတော့ပေ။ တိရစ္ဆာန်ဆရာဝန်နှင့်ပြသ၍ လိုအပ်သည့်ကာကွယ်ဆေးများ ထိုးထားပြီးဖြစ်သဖြင့် ဖိုးပြည့်က ကြောင်နှင့် ဆော့ကစားသည်ကိုလည်း ဒေါ်ခင်မြိုင် အလွန်အမင်းဟန့်တားခြင်း မပြုတော့။

သို့သော် မြီးရှည်ကိုတော့ သိပ်မျက်နှာသာမပေး။ မြီးရှည်က သူ့ခြေထောက်အနား လာဆော့ကစားလျှင် အရင်လို ကန်ကျောက်မပစ်တော့တာပဲရှိသည်။ တစ်ကြိမ်တစ်ခါမှ ကောက်ယူပွေ့ချီခြင်းမရှိ။

ဧည့်သည်ရောက်လာ၍-

"ဟယ်... ကြောင်ကလေးက လှလိုက်တာ၊ သူကမှ တကယ့်ဘလက်အင်ဝှိုက်ဖက်ရှင်" ဟု ပြောလျှင်-

"အမယ်လေး၊ မြေးလေးဖိုးပြည့် ခေါ်လာတာလေ။ ပြောမရဆိုမရနဲ့မို့ ကြည့်နေရတာ။ ကျွန်မကတော့ ကြောင်မချစ်တတ်ဘူး"ဟု မလိုမလား ပြောနေဆဲ။

(၅)

တစ်ခါမှာတော့ ခေါင်းရင်းအိမ်က ကြောင်ဝါကြီးနှင့် မြီးရှည်တို့ ခြံထောင့်တွင်ရန်ဖြစ်ကာ တခွီးခွီး ကိုက်ကြသည်။ အမှန်တော့ မြီးရှည်က ကြောင်စွာ။ သူများအိမ်ဝင်း၊ သူများခြံစည်းရိုးဘေး အေးအေးဆေးဆေးနေဆာလှုံနေသော ကြောင်ဝါကြီးကို ရန်သွားစ၍ ပြန်ပြေးအလာ ကြောင်ဝါကြီးက စိတ်ဆိုးပြီး သည်ဘက်ခြံထိကူးလာကာ ကိုက်ကြခြင်းဖြစ်သည်။ ဦးဆုံးစတွေ့သူက ဈေးသွားရန် အိမ်မှထွက်လာသော ဒေါ်ခင်မြိုင်။

"ဟဲ့ ဟဲ့ လုပ်ကြပါအုံး၊ လုပ်ကြပါအုံး။ ဟိုမှာ ကိုက်ကုန်ပြီ။ ကေသီတို့၊ ထွန်းထွန်းတို့ရေ လာကြပါအုံးဟဲ့"

ဒေါ်ခင်မြိုင် အလန့်တကြားအော်သည်။

ကြောင်နှစ်ကောင်က ဒေါ်ခင်မြိုင်တို့ ခြံထောင့်တွင် တခွီးခွီးတခွမ်းခွမ်းနှင့် သဲကြီးမဲကြီး ကိုက်နေကြသည်။

ဒေါ်ခင်မြိုင်၏ အော်သံကြားကြားချင်း ထွန်းထွန်းက ရေချိုးခန်းမှ ရေတစ်ပုံးဆွဲလာပြီး ကြောင်ရှိရာကို ပြေးလာ၍ ရေဖြင့် လှမ်းပက်လိုက်သည်။ သည်တော့မှ ကြောင်နှစ်ကောင် ကြောင်ချင်းကွဲသွားကာ မြီးရှည်က အိမ်ထဲဝင်ပြေးသလို ကြောင်ဝါကြီးကလည်း သူ့ခြံဘက်ပြေးထွက်သွားသဖြင့် ရန်ပွဲပြီးငြိမ်းသွားလေသည်။ ဒေါ်ခင်မြိုင်ကသာ သွားစရာရှိတာ ဆက်မသွားနိုင်ဘဲ အိမ်ဘက်လှည့်၍ အော်ပြောနေသေးသည်။

"ဟဲ့ အိမ်ကကြောင် ဘာဖြစ်သွားသေးလဲ၊ ကြည့်ပြီး ဆေးလေးဘာလေးထည့်ပေးလိုက်အုံး။ ကြောင်အငယ်ဆိုပေမဲ့ ကြောင်ကြီးတွေက ညှာတာမဟုတ်ဘူး။ ကြားလား ကေသီတို့၊ ထွန်းထွန်းတို့"

"ဟုတ် ကြားပါတယ် ကြီးမြိုင်"

"အလဲ့ အိမ်ကကြောင်ဆိုပါလား ကေသီ။ ဒါ မြီးရှည်ကို အသိအမှတ်ပြုလိုက်တဲ့သဘောပဲ"

"ဟုတ်တယ် အစ်ကို။ ပြီးတော့ ကြီးမြိုင်စကားကြီးက အနှောင့်အသွားမလွတ်သလိုဘဲ သူများကြောင်ကို အပြစ်တင်သံကြီးပါနေတယ်နော်။ မြီးရှည်ဘက်က နာနေပုံထောက်ရင် အင်း သံယောဇဉ်သံယောဇဉ်တွယ်လာပြီနဲ့တူတယ်။ ဟီ ဟိ"

(၆)

မြီးရှည်အရွယ်ရောက်ပြီ။ ကြောင်လူပျိုဖြစ်ပြီ။

ပြာသိုလလည်းရောက်ပြီဖြစ်သဖြင့် မြီးရှည်တို့ အိမ်လည်တတ်ပြီဖြစ်သည်။ ညဦးဘက်ဆိုလျှင် အိမ်မှ ပျောက်ပျောက်သွားပြီး တစ်ခါတစ်ရံ ညဉ့်နက်မှ၊ တစ်ခါတစ်ရံ မိုးလင်းမှ ပြန်ပြန်လာတတ်သည်။ ပြန်လာလျှင်လည်း သူ့ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်နှင့်၊ သွေးစသွေးနတွေနှင့်။

"အင်း မိန်းမပြိုင်ပိုးရတဲ့အလုပ်က လူလဲမကောင်းဘူး၊ ကြောင်လဲ မကောင်းဘူး။ တယ်ရန်များတာပဲ" ဟု ထွန်းထွန်းက ကေသီကို တိုးတိုးပြောသည်။

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ ဒဏ်ရာဒဏ်ချက်များနှင့် ပြန်ပြန်လာသော မြီးရှည်ကို ဒေါ်ခင်မြိုင်ကြည့်ပြီး စိတ်မကောင်းဖြစ်ဟန်တူသည်။ အမိန့်သစ်တစ်ခုထုတ်သည်။

"ဒီပုံဆိုရင် နင်တို့ကြောင် ကြာရင်သေလိမ့်မယ်နော်။ ဒီနေ့ကစပြီး သူ့ကို အပြင်ပေးမထွက်နဲ့တော့။ ညနေစောင်းတာနဲ့ သူ့ကို စတိုခန်းထဲထည့်ပြီး သော့ပိတ်ထားလိုက်"

ဒေါ်ခင်မြိုင်ထုတ်သောအမိန့်ကို အားလုံးက မလိုက်နာလို့မရ။ ကြောင်စာတစ်ပန်းကန်၊ ရေတစ်ခွက်နှင့် အခန်းထဲထည့်ထားလိုက်ရသည်။ သို့သော် ပိတ်လှောင်ခံထားရသော မြီးရှည်က အခန်းထဲကြာကြာမနေနိုင်။ အပြင်ထွက်ချင်သဖြင့် တညောင်ညောင်အော်သည်။ တစ်ချိန်လုံး တံခါးကို လက်ဖြင့် ကုတ်ခြစ်သည်။ ဝမ်းခေါင်းသံကြီးဖြင့် နာကျင်စွာအော်ပြီး ဆန္ဒပြသည်။ ညဉ့်နက်လေ ပိုဆိုးလေဖြစ်သည်။ မည်သူမျှအိပ်မရတော့။

"လွှတ်ပေးလိုက်ရအောင် မမမြိုင်ရယ်၊ နားငြီးလွန်းလို့ပါ"

"ဟုတ်ပါတယ် ကြီးမြိုင်ရယ်၊ သူ့ရာသီရောက်ပြီဆိုတော့ မတားကောင်းပါဘူး။ လူတောင် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရသေးတာပဲ။ ဟီဟိ"

ကေသီကိုတော့ ဒေါ်ခင်မြိုင်က မျက်စောင်းထိုးလိုက်သည်။

"ဘာတုံး ညည်းစကားက..."

"ကေသီ ရိုးရိုးပြောတာပါ ကြီးမြိုင်ကလဲ။ ဟဲ ဟဲ"

"ဘွားမြိုင် မြီးရှည်သနားပါတယ်။ လွှတ်ပေးလိုက်ပါနော်။ သားသား မြီးရှည်ကို ပြောထားလိုက်ပ့ါမယ်။ စောစောပြန်လာခဲ့လို့။ ဘယ်သူနဲ့မှလဲ ရန်မဖြစ်လာနဲ့လို့"

ဖိုးပြည့်ကပါ ဝင်ပူဆာပြီဆိုတော့ ဒေါ်ခင်မြိုင်တောင့်မခံနိုင်တော့ပါ။

"အေး နင်တို့ကြောင် သွေးထွက်သံယိုနဲ့ ပြန်လာရင် နင်တို့ပဲ ဝမ်းနည်းပက်လက်ဖြစ်မှာနော်။ ငါက အနေသာကြီး"

ဒေါ်ခင်မြိုင် မီးစိမ်းပြတော့ ကမန်းကတန်း တံခါးဖွင့်ပေးကြတယ်။

မြီးရှည်ကလည်း မြီးရှည်ပင်။ အမယ်လေး၊ တံခါးဖွင့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဝမ်းသာအားရ ကဆုန်ပေါက်ပြေးထွက်သွားလိုက်သည်များ နောက်ကြောင်းကို တစ်ချက်လေးပင် လှည့်ကြည့်ဖော်မရတော့ပေ။

"မြီးရှည်ရေ စောစောပြန်လာနော်၊ ဘယ်သူနဲ့မှ ရန်မဖြစ်..."

ဖိုးပြည့်ပင် စကားဆုံးအောင်မမှာလိုက်ရ။

ထိုညက မြီးရှည် လုံးဝအိမ်ပြန်မလာ။ နံနက်မိုးလင်းလျှင်ရောက်လာမှာပဲဟု ထင်ထားကြသော်လည်း ရောက်မလာခဲ့။

နောက်တစ်နေ့လည်း ပြန်မလာ။ တစ်နေ့လုံး၊ တစ်ညလုံး ပျောက်နေသည်။ နောက်တစ်နေ့လည်း ပြန်မလာသေး။

လေးရက်လောက်ကြာတော့ တစ်အိမ်လုံးစိတ်ပူလာသည်။ ဒေါ်ခင်လေးနှင့် ကေသီတို့က မနေနိုင်။ အိမ်အနီးအပါး ဟိုဟိုသည်သည်လျှောက်ရှာကြသည်။ 'မြီးရှည်ရေ'၊ 'မြီးရှည်ရေ'နှင့်လည်း တကြော်ကြော်ခေါ်ကြည့်သည်။ ဟိုမေးသည်မေး မေးကြသည်။ သို့သော် မြီးရှည်သတင်းက အစအနပျောက်နေသည်။ ကြောင်ကိုလွှတ်ပေးရန် သူကိုယ်တိုင်တောင်းဆိုခဲ့သောဖိုးပြည့်ကလည်း သူ့အပြစ်နှင့်သူမို့ ငိုမဲ့မဲ့ဖြစ်နေသည်။

"ကဲ...ငါ မပြောဘူးလား။ နင်တို့ကြောင် ကောင်းကျိုးပေးပြီမဟုတ်လား"

ဒေါ်ခင်မြိုင်က အောင်နိုင်သောလေသံဖြင့် ငေါ့သည်။ သို့သော် သူ့မျက်နှာကလည်း တကယ်တော့ မရွှင်ပျလှ။ ညဘက်အိပ်ရာဝင်တော့လည်း မြီးရှည်တစ်ကောင် ဘွားခနဲပေါ်လာမလားဟူသောအတွေးနှင့်မို့ ပျော်တစ်ဝက်၊ နိုးတစ်ဝက်။ နံနက်လင်းတော့ မျက်တွင်းများ မသိမသာညိုနေသည်။ တစ်ပတ်တစ်ခါ အိမ်လာအဝတ်လျှော်၊ မီးပူတိုက်ပေးသော မလုံးတင်က အရေးထဲ အလိုက်ကမ်းဆိုးမသိ ပြောနေသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၇၃၂၄ ဧက စိုက်ပျိုးမည်


ယခင်နှစ်က သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၇၃၂၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုး ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၇၃၂၄ ဧကကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ဒေသခံများ ပေါင်းစပ်ဆောင်ရွက်နေကြောင်း သိရသည်။

"ပုသိမ်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုက်ဆန်လျှော်ကို ၇၃၂၄ ဧက လျာထားစိုက်ပျိုးသွားမှာပါ။ လက်ရှိမှာတော့ သစ်စိမ်းမြေဩဇာပိုက်ဆန်လျှော် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့စိုက်ပျိုးရေးဦးစီးဌာနနဲ့ဒေသခံ တောင်သူတွေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးရာ၌ ပုသိမ်မြို့နယ်တွင် ဧက ၂၅၀၀၊ ကန်ကြီးထောင့်မြို့နယ်တွင်ဧက ၂၅၀၀၊ သာပေါင်းမြို့နယ်တွင်ဧက ၃၀၀၊ ငပုတောမြို့နယ်တွင် ၂၀၂၄ ဧကတို့ ဖြစ်ကြောင်း သိရသည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မော်လိုက် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၇၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၁၁၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၀၂၈ ဧက စုစုပေါင်း ၁၁၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပဲပုပ်ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်သွားပါမယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲပုပ်ကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် ဆောင်ရွက်သော သိုးမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် သိုးမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များကိုတွေ့ဆုံကာ လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စံပြကျေးရွာ၌ သိုးမွေးမြူရေးလုပ်ငန်းနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၂၀ ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ဆက်လက်ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နှလုံးလှ စစ်တမ်း

\- တစ်နေဝင် တစ်မိုးချုပ်
တကုပ်ကုပ် စီးပွားရှာ၊
စားဝတ်နေ လူမှုဘဝ
ပြုရဝန်တာ၊
နေ့စဉ်အမျှ ကြိုးစားကာ
ရိုးသားစွာ ဖွေရှာမပြတ်၊
ကိုယ့်ပိုင်ဝန် ကိုယ်စီထမ်းလို့
ခြေလှမ်းတွေထပ်။

\- ဝမ်းတစ်ထွာ ဖြည့်တင်း
ဘဝအခင်း အဆောင်အယောင်၊
ကျော်လွှားကာ ရပ်တည်ကြရင်း
ရှန်းထ ကြံဆောင်၊
ရှုပ်ထွေးလှ သည်လူ့ဘောင်
ဖွဲ့ထုံးနှောင် သံသရာထဲ၊
"အရှိ" ဉာဏ်ဖွေ
"သတိ"သံဝေ မယူတတ်လျှင်တော့
မွန်းကျပ်နေမြဲ။

\- ဒုက္ခလှိုင်းကို အန်တု
အနိုင်လုရင်း ခရီးနှင်၊
မနောအိမ် ဣန္ဒြေမပျက်
ဝင်းလက်ကြည်လင်၊
ရင့်ကျက်စွာနဲ့ ပြုံးရိပ်ဆင်
မုန်းစိတ်ညှဥ် ဖယ်ရှင်း၊
အကြိုက်သန်
စရိုက်မှန် စိတ်ရင်းဖွဲ့နဲ့
ရောင့်ရဲ အားတင်း။

\- စားဝတ်နေ လျှောက်လမ်းထက်
ရှန်းကန်ထွက် အားပြိုင်ကာ၊
ကောင်းဆိုးယှဉ် ရင်ဆိုင်နွှဲ
လွန်ဆွဲကြုံမှာ၊
ဆန့်ကျင်ဘက်တို့ ဒွန်တွဲရာ
ဖွင့်လှစ်ကာ ကိုယ့်စစ်တမ်း၊
နှလုံးလှနဲ့ မွေးဂုဏ်ဖြာ
လှပစွာ ခရီးလမ်း၊
ဘဝတာ
အလှဖြာ ဂုဏ်ပေါင်းရုံဖို့
ကောင်းမွေခံ မှတ်တမ်းကောင်းတွေ
လမ်းကြောင်းမှန် ကိုယ်စီပျိုးလို့
ရေးထိုးရင်း လှမ်း။ ။

**ခိုင်ခိုင်နွယ်( ပညာရေး)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

# ယင်ပေါင်စာငါးအကြောင်း သိကောင်းစရာ

**နှင်းအိ(ရာမည်မြေ)**



ယင်ပေါင်စာငါးကို အင်္ဂလိပ်လို"Glass barbs" ဟု ခေါ်ဆိုကြပြီး မျိုးရင်း Danionidaeတွင် ပါဝင်ကာ ရေချိုငါးမျိုးစိတ်ဖြစ်သည်။ ယင်ပေါင်စာငါး၏ ခန္ဓာကိုယ်သည် အရွယ်အစားသေးငယ်ပြီး မကြာခဏရောင်ပြန်ဟပ်သော သွင်ပြင်လက္ခဏာရှိသည်။

ယင်ပေါင်စာငါးမျိုးစိတ်များကို အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် တွေ့ရှိရသည်။

**နေထိုင်မှုအလေ့အထနှင့်အရောင်အဆင်း**

ယင်ပေါင်စာငါးမျိုးစိတ်များသည် ချောင်းများ၊ ကန်များတွင် နေထိုင်တတ်သည်။ ယင်ပေါင်စာငါးမျိုးစိတ်တချို့သည် တောက်ပသောငွေရောင်ရှိကြပြီး တချို့မှာ ဖန်သားကဲ့သို့ကြည်လင်သောအရောင်မျိုးရှိကြသည်။ အချို့မျိုးစိတ်များ၏ ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင်အစင်းကြောင်းများ ပါရှိသည်။

**အရွယ်အစား**

ယင်ပေါင်စာငါးသည် ပုံမှန်အားဖြင့် ခြောက်စင်တီမီတာကျော်ရှိပြီး အမများသည် အထီးများထက်အရွယ်အစားပိုမိုကြီးမားပြီး ခုနစ် စင်တီမီတာထိ ရှိတတ်သည်။ ယင်ပေါင်စာငါးအမများသည် အထီးများထက် ပိုဝိုင်းသောဝမ်းဗိုက်ရှိပြီး ယေဘုယျအားဖြင့် ပိုမိုထွားကြသည်။

**ဥပေါက်နှုန်း**

ယင်ပေါင်စာငါးအမများသည် တစ်ကြိမ်လျှင် ဥပေါင်း ၃၀ ကျော် ဥဥနိုင်ကြပြီး ၂၄ နာရီအတွင်း ဥမှအကောင်ပေါက်လာကြသည်။ ရေတိမ်ပိုင်းတွင် ညနေခင်း သို့မဟုတ် မိုးသောက်ချိန်များ၌ ဥမှအကောင်ပေါက်သည်။

**မြန်မာနိုင်ငံတွင်တွေ့ရှိရသော ယင်ပေါင်စာငါးမျိုးစိတ်**

မြန်မာနိုင်ငံတွင် ယင်ပေါင်စာငါးမျိုးစိတ်နှစ်မျိုးရှိရာ မြစ်သာယင်ပေါင်စာငါးမျိုးစိတ်ကို ၂၀၁၈ခုနှစ်တွင်လည်းကောင်း၊ အင်းတော်ကြီးယင်ပေါင်စာငါးမျိုးစိတ်ကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း တွေ့ရှိခဲ့သည်။ ယင်ပေါင်စာငါးမျိုးစိတ်နှစ်မျိုးကို ဌာနေမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ခွဲခြားသတ်မှတ်ခြင်းများကို မြန်မာနိုင်ငံမှလေ့လာသူ ပါရဂူကျောင်းသူ မခင်ရတနာဌေးက တွေ့ရှိခဲ့ပြီး ရေးသားဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ယင်ပေါင်စာငါးမျိုးစိတ်တစ်မျိုးကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင်တွေ့ရှိခဲ့ရသည့်အတွက် မြန်မာအမည် အင်းတော်ကြီးယင်ပေါင်စာငါး၊ အင်္ဂလိပ်လို "Laubuka indawgyiana"ဟု ခေါ်ဆိုကြပြီး စစ်ကိုင်းတိုင်းဒေသကြီး မြစ်သားမြို့နယ် မြစ်သာမြစ်အတွင်းတွေ့ရှိခဲ့သည့် ယင်ပေါင်စာငါးကို မြန်မာအမည် မြစ်သာယင်ပေါင်စာငါး၊ အင်္ဂလိပ်လို "Laubuka myitthaensis"ဟု အမည်ပေးထားကြသည်။

အင်းတော်ကြီးယင်ပေါင်စာငါးကို ငါးခုံးမ၊ ငါးခဲတံ၊ ကျောက်ငါးသလဲထိုးတို့နှင့်အတူ သဲဆန်သောချောင်းများနှင့် ရေကြည်ရေတိမ်ပိုင်းတို့တွင် ရှာဖွေတွေ့ရှိခဲ့ပြီး မြစ်သာယင်ပေါင်စာငါးကို ရေငြိမ်ပိုင်းမြစ်ချောင်းများတွင် ငါးသလဲထိုး၊ ကျောက်ငါးသလဲထိုး၊ ကျောက်ငါးကြင်း၊ ငါးခုံးမ၊ ငါးခဲတံတို့နှင့်အတူ ရှာဖွေတွေ့ရှိခဲ့ကြသည်။

**စားသုံးပုံနှင့်အကျိုးကျေးဇူး**

ယင်ပေါင်စာငါးလေးများကို အကြွပ်ကြော်စားခြင်း၊ အစပ်ဟင်း၊ အိုးကပ်ချက်စားခြင်း၊ သုပ်စားခြင်း၊ ဗာလချောင်ကြော်ကြော်စားခြင်းများလည်းရှိသည်။ ယင်ပေါင်စာငါးလေးများတွင် ခန္ဓာကိုယ်အတွက် အရေးကြီးသော ဗီတာမင်နှင့် သက်စောင့်ဓာတ်များ ပါရှိသည်။ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ပရိုတင်း၊ ဖက်တီးအက်စစ်၊ အိုမီဂါသရီးတို့ကို ယင်ပေါင်စာငါးလေးများမှ ရရှိနိုင်သည်။

လူတော်တော်များများတွင်လိုအပ်သော ဗီတာမင်ဒီကို ယင်ပေါင်စာငါးမှ ဖြည့်ပေးသည်။ Heart Attack ဟုခေါ်သည့် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရခြင်းကို ယင်ပေါင်စာငါးအပါအဝင် ငါးစားခြင်းဖြင့် ကာကွယ်နိုင်သည်။

ယင်ပေါင်စာငါးတွင်ပါဝင်သော Docosahex-aenoic Acid ဟုခေါ်သည့် DHA သည် အမြင်အာရုံနှင့် ဦးနှောက်ကိုဖွံ့ဖြိုးစေသည်။ ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံကိုစားလျှင် မျက်စိအားကောင်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေသည်။

ယင်ပေါင်စာငါးစားသုံးခြင်းသည် ဦးနှောက်ထဲရှိ Grey Matterကို တိုးတက်စေပြီး အိုမင်းလာသောအခါ မှတ်ဉာဏ်ယိုယွင်းမှုကို ခုခံပေးသည်။ အသက်ကြီးလာလေလေ ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံကို ပိုမိုစားသုံးသင့်လေလေဖြစ်သည်။

**❖ ယင်ပေါင်စာငါးတွင်ပါဝင်သော Docosahexaenoic Acid ဟုခေါ်သည့် DHA သည် အမြင်အာရုံနှင့် ဦးနှောက်ကို ဖွံ့ဖြိုးစေသည်။ ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံကို စားလျှင် မျက်စိအားကောင်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေသည်။ ယင်ပေါင်စာငါးစားသုံးခြင်းသည် ဦးနှောက်ထဲရှိ Grey Matter ကို တိုးတက်စေပြီး အိုမင်းလာသောအခါ မှတ်ဉာဏ်ယိုယွင်းမှုကို ခုခံပေးသည်။ အသက်ကြီးလာလေလေ ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံကို ပိုမိုစားသုံးသင့်လေလေဖြစ်သည်။ ယင်ပေါင်စာငါးလေးများ စားသုံးခြင်းဖြင့် စိတ်ကျရောဂါကို ကာကွယ်ပေးသည်။❖**

ယင်ပေါင်စာငါးလေးများ စားသုံးခြင်းဖြင့် စိတ်ကျရောဂါကို ကာကွယ်ပေးသည်။ ယင်ပေါင်စာငါးစားလျှင် အခြားသူများထက် ပျော်ရွှင်မှုကို ပိုမိုခံစားရသည်။ စိတ်ကျရောဂါအတွက် ကုသမှုများတွင် ဆေးဝါးများနှင့်အတူ ယင်ပေါင်စာငါးစားခြင်းက ကုသမှုကို ပိုမိုထိရောက်စေနိုင်သည်။ ကိုယ်ခံအားနည်းနေလျှင် ယင်ပေါင်စာငါးစားပေးသင့်သည်။ ဆီးချိုရောဂါကိုလည်း ကာကွယ်ပေးထားနိုင်သည်။

ကလေးငယ်များတွင်ဖြစ်တတ်သော ပန်းနာရင်ကျပ်ရောဂါကို ယင်ပေါင်စာငါးလေးများက တိုက်ခိုက်နိုင်သည်။ ဆေးစစ်ဆေးတွေ့ရှိချက်များအရ ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံစားသုံးသော ကလေးများသည် ပန်းနာရင်ကျပ်ဖြစ်နိုင်ခြေ လျော့နည်းနိုင်သည်။

ယင်ပေါင်စာငါးစားခြင်းဖြင့် အမြင်အာရုံကို တိုးတက်စေသည်။ အိပ်ပျော်စေချင်လျှင် ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံစားပေးရန်လိုအပ်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုသူများ ယင်ပေါင်စာငါးအပါအဝင် ငါးမျိုးစုံကိုစားပေးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ယင်ပေါင်စာငါးသည် သဘာဝအားဖြင့်ထူးခြားလှသော ရေချိုငါးမျိုးစိတ်ဖြစ်ပြီး ကျန်းမာရေးအတွက် ကောင်းကျိုးများစွာပေးစွမ်းနိုင်သောကြောင့် စားပေးသင့်သည့်ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား**

(1) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)

(2) ငါးလုပ်ငန်းစာစဉ်အတွဲ(၁) အမှတ် (၃)

(3) Fish Base of Myanmar

(4) Inland Fisheries of Myanmar

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၁၅၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၁၅၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ပဲတီစိမ်းကေ ၉၁၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးမှုကို အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၅၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ပဲတီစိမ်းကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေကပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။



ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။ (၂၀၆)

ဗုဒ္ဓ ဓမ္မ သံဃ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့်။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့်။ Ph:09-880909040







# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရွှေဘို နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၃၂၀ နှင့်ဖူးစားပြောင်း ၁၅၂၉ ဧက စုစုပေါင်း ၁၈၄၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း စုစုပေါင်း ၁၈၄၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှထွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန် ဆန်စပါးဈေးကွက်က ပြီးခဲ့တဲ့လ ပထမပတ်ကနေ စတင်ပြီး ဝယ်ယူအားတက်ခဲ့တာပါ။ ပြီးခဲ့တဲ့လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ကျော်ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဆန်အိတ်ရေအများအပြား အဝယ်လိုက်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်လှထွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ သိရသည်။ **ကျော်ကျော်လင်း**

## တောမီးနှင့် မိုးခေါင်မှုပြဿနာများကြောင့် သစ်တောကြိုးဝိုင်းများ ပျက်စီးလာခြင်းက ဥရောပနိုင်ငံများ၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအပေါ် ရိုက်ခတ်မှုများရှိနေ



**ဘရပ်ဆဲလ် နိုဝင်ဘာ ၈**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂ အဖွဲ့အစည်းမှ ဦးဆောင်ကာ ဥရောပနိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် စီမံချက်များ ဖြင့်ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်နေသော တောမီး လောင်ကျွမ်းမှုများနှင့် မိုးခေါင်မှုများကြောင့် သစ်တောကြိုးဝိုင်းများ ပျက်စီးမှုနှုန်း မြင့်မားလာခြင်းမှာ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး စီမံချက်များအပေါ် ဆိုးရွားသည့် ရိုက်ခတ်မှုများ ရှိနေကြောင်း ဥရောပသမဂ္ဂ အဖွဲ့အစည်းမှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိအောင် ဆောင်ရွက်နိုင်မှသာ ရာသီဥတုဖောက်ပြန်မှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ကာဗွန်များအားစုပ်ယူသိုလှောင်ပေးသော သစ်တော ကြိုးဝိုင်းများသည် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ တောမီးနှင့်မိုးခေါင်မှုကြောင့် သစ်တောပြုန်းတီးလာမှုနှုန်းမြင့်မားလာခြင်းသည် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးစီမံချက်များကို အဟန့်အတားဖြစ်စေကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းမှ သိရသည်။

"ရာသီဥတု ဖောက်ပြန်မှုကို လျှော့ချနိုင်ဖို့အတွက် စီမံချက်တွေနဲ့ ဆောင်ရွက်နေတဲ့နေရာမှာ သစ်တောပြုန်းတီးမှု ပြဿနာက စီမံချက်ကို အဟန့်အတားဖြစ်စေပါတယ်။ ဥရောပနိုင်ငံတွေမှာနှစ်စဉ် တောမီးလောင်ကျွမ်းမှုနဲ့ မိုးခေါင်မှု ပြဿနာတွေကြောင့် သစ်တောကြိုးဝိုင်းတွေအပေါ်မှာ ကြီးမားတဲ့ ရိုက်ခတ်မှုတွေရှိနေတယ်။ ဒီပြဿနာကို လျှော့ချနိုင်မှ ရည်မှန်းထားတဲ့ ရာသီဥတုဖောက်ပြန်မှု လျှော့ချဖို့ပစ်မှတ်တွေကိုအောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## နယူးဆောက်ဝေးပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် မုန်တိုင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ထား

**ကင်ဘာရာ နိုဝင်ဘာ ၈**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်လာနိုင်ကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(BoM)က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းအကြိုအနေဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးများကျရောက်ခြင်းတို့ဖြစ်ပေါ်နေကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီ ၁၂၅ ကီလိုမီတာနှုန်းထိ မြင့်မားနေပြီး မုန်တိုင်းသည် နယူးဆောက်ဝေးပြည်နယ် အရှေ့ဘက်ပိုင်းနှင့် အလယ်ပိုင်းတို့ကို ဖြတ်သန်းတိုက်ခတ်နိုင်ပြီး နယူးဆောက်ဝေးပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် ပြည်သူသန်းနှင့်ချီ၍ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း BoM က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"နယူးဆောက်ဝေးပြည်နယ်ကနေ အစပြုပြီးတော့ ကွင်းစလန်းပြည်နယ်ဘက်ကို မုန်တိုင်းဖြတ်သန်း တိုက်ခတ်သွားဖွယ်ရှိနေပါတယ်။ နယူးဆောက်ဝေးအရှေ့ဘက်ကမ်းခြေမှာတော့ မုန်တိုင်းရှေ့ပြေးလက္ခဏာတွေ စတင်ဖြစ်ပေါ်နေပြီဖြစ်ပါတယ်။ လေပြင်းတိုက်ခတ်တာတွေ၊ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးကျရောက်တာတွေ ဖြစ်ပေါ်နေပါတယ်။ လေတိုက်နှုန်းဟာလဲ တစ်နာရီကို ၁၂၅ ကီလိုမီတာနှုန်းနဲ့ တိုက်ခတ်နေပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ပြည်သူသန်းနဲ့ချီပြီး ရှိနေပါတယ်"ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(BoM)မှ မိုးလေဝသခန့်မှန်းတိုင်းတာရေးပညာရှင် မစ္စဂျွန်ဆင်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဒေသရှိ ဆီမီရူးမီးတောင်ပေါက်ကွဲမှုဖြစ်ပွားကာ ပြာများ တောင်ထိပ်အထက် ၁ ဒသမ ၂ ကီလိုမီတာထိ ပျံ့နှံ့နေ

**ဂျကာတာ နိုဝင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဒေသရှိ ဆီမီရူးမီးတောင်သည် ယနေ့ နံနက်ပိုင်းထိ အကြိမ်ကြိမ်ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနေပြီး ပြာများ မီးတောင်ထိပ်မှ အထက် ၁ ဒသမ ၂ ကီလိုမီတာထိ ပျံ့နှံ့နေကြောင်း မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်လျှော့ပါးရေးဌာန (PVMBG) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။



PVMBG အဆိုအရ နိုဝင်ဘာ ၇ ရက် နံနက်စောပိုင်း ၄ နာရီကစပြီး မီးတောင် စတင်ပေါက်ကွဲခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့်မီးတောင်၏အရှေ့မြောက်ဘက်နှင့် အရှေ့တောင်ဘက်တွင် ပြာမှုန်များပျံ့လွင့်ကာ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

မီးတောင်မှ ကျဆင်းလာသည့် ချော်ရည်များသည် Besuk Kobo-kan၊ Besuk Bang၊ Besuk Kembar နှင့် Besuk Sat မြစ်များမှတစ်ဆင့် လူနေရပ်ကွက်ဆီသို့ စီးဆင်းလာနိုင်သဖြင့် မီးတောင်အနီးနှင့် အဆိုပါမြစ်များအနီး နေထိုင်သည့် ဒေသခံများကို သတိပြုကြရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ကယ်လီဖိုးနီးယား တောမီးလောင်ကျွမ်းမှု လျော့ကျလာသော်လည်း အန္တရာယ်ရှိနေသဖြင့် လူဦးရေ ၁၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် နိုဝင်ဘာ ၆ ရက်ကတည်းက လောင်ကျွမ်းနေသောတောမီး အရှိန်လျော့ကျလာသော်လည်း အန္တရာယ်ရှိနေဆဲဖြစ်သဖြင့် လူဦးရေ ၁၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်ဟု အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းရာနေရာသည် လော့စ်အိန်ဂျလိစ်မြို့၏ အနောက်မြောက်ဘက် မိုင် ၄၀ ခန့်အကွာတွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးသည် လျင်မြန်စွာပျံ့နှံ့ခဲ့ကြောင်း Ventura ကောင်တီမီးသတ်ဌာနမှ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး Gavin Newsom က လူဦးရေ ၁၀၀၀၀ ကျော်ကို အရေးပေါ်ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားပြီး တောမီးနှင့်နီးသည့် အိမ်ခြေ ၃၅၀၀ ကျော်နှင့် အခြားအဆောက်အအုံများသည် မီးဘေးအန္တရာယ်နှင့် တိုက်ရိုက်ရင်ဆိုင်နေရကြောင်း ပြောကြားခဲ့သည်။

တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးကထွက်သည့် မီးခိုးငွေ့ရှူရှိုက်မိသဖြင့် အနီးဝန်းကျင်က ဒေသခံများ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်နေကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ သစ်ပင်ပြိုလဲမှုအန္တရာယ်များကြောင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက သတိပေးထားသည်။

တောမီးနီးကပ်စွာလောင်ကျွမ်းနေသည့် Ventura ခရိုင်အတွင်းမှ ကျောင်း ၂၀ ကျော်ကိုလည်း ပိတ်ထားကြောင်း၊ မိုးလေဝသဌာန၏ အဆိုအရ လေတိုက်နှုန်းပြင်းထန်သည့်အတွက် တောမီးအခြေအနေဆိုးရွားလာခြင်းဖြစ်ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် တောမီးလောင်ကျွမ်းလေ့ရှိသော ဒေသတစ်ခုဖြစ်ပြီး သိပ္ပံပညာရှင်များအဆိုအရ နွေရာသီကာလအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧရိယာ ဆုံးရှုံးမှုသည် တစ်နှစ်ထက်တစ်နှစ်တိုးလာကြောင်း ဖော်ပြထားသည်။ တောမီးသည် ရာသီဥတုပြောင်းလဲမှုများဖြစ်သည့် အပူလှိုင်း၊ မိုးခေါင်ခြောက်သွေ့မှုကဲ့သို့သောအခြေအနေများကြောင့် ပိုမိုဖြစ်ပေါ်လာခြင်းကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဘူးလီယူးမြစ်ရေလျှံတက်မှုကြောင့် အနီးပတ်ဝန်းကျင်ဧရိယာများကို ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၈**

အင်္ဂလန်နိုင်ငံ နယူးဖောရက်စ်ဧရိယာကို ဖြတ်သန်းစီးဆင်းနေသည့် ဘူးလီယူးမြစ်ရေလျှံတက်ကာ အနီးပတ်ဝန်းကျင်ဧရိယာများ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် သဘာဝပတ်ဝန်းကျင် အေဂျင်စီ(EPA)က ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘူးလီယူးမြစ်ကမ်းဘေးရှိ ပန်းခြံများတွင်လည်း ရေလွှမ်းနေပြီဖြစ်သည့်အတွက် ပန်းခြံများကို ယာယီပိတ်ထားကြောင်း၊ ဘူးလီယူးမြစ်ကို ဖြတ်သန်းဆောက်လုပ်ထားသော တံတားများကို အသုံးပြုရာတွင် အနီးပတ်ဝန်းကျင်မှ ကုန်းနိမ့်ပိုင်းဧရိယာများကို ဖြတ်သန်းသွားလာရာတွင် အထူးသတိပြုရန် EPA က သတိပေးခဲ့သည်။

"ဒီနေ့မှာ ဘူးလီယူးမြစ်ရေလျှံတက်မှုကြောင့် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ဧရိယာတွေမှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် မြစ်ကမ်းဘေးမှာရှိတဲ့ လမ်းမကြီးတွေမှာ ရေလွှမ်းမှု ဖြစ်ပေါ်နေပါတယ်။ ဘူးလီယူးမြစ်ကို ဖြတ်သန်းတည်ဆောက်ထားတဲ့ တံတားတွေနဲ့ ကုန်းနိမ့်ပိုင်းမှာရှိတဲ့ လမ်းတွေကို အသုံးပြုတာကို ပိုပြီးသတိထားကြဖို့ တိုက်တွန်းအပ်ပါတယ်။ EPA အနေနဲ့လဲ မြစ်ရေလျှံတက်မှု မဖြစ်ခင်ကတည်းက ဒီရေမြင့်တက်မှုတွေ ဖြစ်ပေါ်နေတယ်ဆိုတာကို ကြိုတင်သတိပေးပြီးဖြစ်ပါတယ်။ ဘူးလီယူး မြစ်ကမ်းဘေးမှာရှိတဲ့ ပန်းခြံတွေကိုလဲ ယာယီပိတ်ထားပြီးဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EPA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## သမင်ကလေး ဖိုးရွှေနဲ့ ဝက်ဝံကလေး ကြာညို

မြေးတို့ရေ ဒီတစ်ပတ် ဘိုးဘိုးပြောပြမဲ့ ပုံပြင်လေးကတော့ **"သမင်ကလေး ဖိုးရွှေနဲ့ ဝက်ဝံကလေး ကြာညို"**ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောကြီးတစ်ခုထဲမှာ သမင်ကလေး ဖိုးရွှေနဲ့ ဝက်ဝံကလေး ကြာညိုတို့ မိတ်ဆွေဖွဲ့ပြီး နေထိုင်ကြသတဲ့ကွယ်။ အချစ်ဆုံး သူငယ်ချင်းတွေဖြစ်ကြပေမဲ့ သမင်ကလေး ဖိုးရွှေက အလုပ်အလွန်ကြိုးစားသတဲ့ကွယ်။ ဝက်ဝံကလေး ကြာညိုကတော့ အပျင်းကြီးလှသတဲ့ကွယ်။ သူတို့ဟာ အမူအကျင့်မတူကြပေမဲ့ အသီးအရွက်တွေကိုတော့ အကြိုက်ချင်းတူကြသတဲ့ကွယ်။ ကန်စွန်းရွက်ကိုတော့ အခြားအသီးအရွက်တွေထက် ပိုပြီးကြိုက်နှစ်သက်ကြသတဲ့ကွယ်။ ဒါကြောင့် တစ်နေ့မှာ ယုန်ကလေးတစ်ကောင်က ကန်စွန်းမျိုးစေ့တွေနဲ့ အခြားမျိုးစေ့တွေ သမင်ကလေး ဖိုးရွှေနဲ့ ဝက်ဝံကလေး ကြာညိုကို ပေးလိုက်သတဲ့ကွယ်။

ဒီလိုနဲ့ သမင်ကလေး ဖိုးရွှေနဲ့ ဝက်ဝံကလေး ကြာညိုလဲ ကန်စွန်းမျိုးစေ့တွေယူပြီး ပြန်လာကြသတဲ့ကွယ်။ လမ်းခရီးတစ်နေရာအရောက်မှာ ဝက်ဝံကလေးကြာညိုက "ယုန်ကလဲ ငါတို့ကို ကန်စွန်းမျိုးစေ့တွေနဲ့ အခြားမျိုးစေ့တွေပေးလိုက်တယ်။ ဒီမျိုးစေ့တွေက ဘာလုပ်ရမှာလဲ။ ပေးချင်ပေး ကန်စွန်းရွက်တွေပေးပေါ့"လို့ ပြောလိုက်သတဲ့ကွယ်။ ဝက်ဝံကလေး ကြာညိုရဲ့စကားကို ကြားလိုက်တဲ့အခါ သမင်ကလေး ဖိုးရွှေက–

"ဟာ ကြာညိုကလဲကွာ ယုန်က စေတနာနဲ့ပေးတာပါ။ မျိုးစေ့တွေကို ငါတို့ရဲ့မြေကွက်လပ်မှာ စိုက်ကြမယ်လေ"လို့ ပြန်ပြောလိုက်သတဲ့ကွယ်။

အဲဒီအခါ "ဟာ ဖိုးရွှေကလဲ အသီးအရွက်နဲ့ကန်စွန်းရွက်တွေ ပေါလွန်းလို့ကွာ။ လူတွေလဲ စိုက်တယ်။ သဘာဝအတိုင်းလဲပေါက်တယ်။ ဘယ်အချိန်ခူးစားစား ရနေတာ။ အပင်ပန်းခံပြီး စိုက်မနေပါဘူး" လို့ ဝက်ဝံကလေးကြာညိုက ပြန်ပြောလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ သမင်းကလေးဖိုးရွှေက "ကိုယ့်ခြံဝင်းထဲမှာစိုက်တော့ စားစရာပေါများတာပေါ့ကွာ။ လူတွေစိုက်တဲ့အခင်းဆီသွားစားရင် အန္တရာယ်ကလဲများတယ်လေကွာ"လို့ပြောလိုက်တဲ့အခါ–

ဝက်ဝံကလေး ကြာညိုက "စိုက်ချင်ရင် မင်းဘာသာစိုက်၊ ငါကတော့ မစိုက်ဘူး။ အလုပ်ပိုတယ်" လို့ပြန်ပြောလိုက်ပြီး မျိုးစေ့တွေကို ရေမြောင်းထဲ လွှင့်ပစ်လိုက်သတဲ့ကွယ်။

အဲဒီအခါမှာ သမင်ကလေး ဖိုးရွှေက "ဟာ မျိုးစေ့တွေ မလွှင့်ပစ်ပါနဲ့။ မင်းမစိုက်ချင်ရင်နေပါ။ ငါ့ဘာသာစိုက်မယ်"လို့ပြောပြီး သူနေထိုင်တဲ့ ခြံဝင်းလေးထဲမှာ မြေပေါက်ပြီး စိုက်ပျိုးဖို့ ပေါင်လေးတွေ



ပြုလုပ်သတဲ့ကွယ်။ ကန်စွန်းလေးတွေကိုလဲ စနစ်တကျစိုက်သတဲ့ကွယ်။ ပေါင်းမြက်တွေကိုလဲ ဖယ်ရှားရှင်းလင်းသတဲ့ကွယ်။ သမင်ကလေး ဖိုးရွှေက ကန်စွန်းခင်းအတွက် အလုပ်ရှုပ်နေချိန်မှာ ဝက်ဝံကလေး ကြာညိုကတော့ အိပ်လိုက်၊ စားလိုက်နဲ့ပေါ့ကွယ်။

ဒီလိုနဲ့ သမင်ကလေး ဖိုးရွှေ စိုက်ထားတဲ့ ကန်စွန်းခင်းလေးက အရွက်တွေဖြာပြီး စိမ်းစိုလာသတဲ့ကွယ်။ ဒါကြောင့် နေ့စဉ်နေ့တိုင်း သူ့ကန်စွန်းခင်းထဲက ကန်စွန်းရွက်တွေကို ခူးယူစားသောက်နေတာပေါ့ကွယ်။ ဝက်ဝံကလေး ကြာညိုက "ဖိုးရွှေက အလုပ်ရှုပ်ခံနေတယ်ကွာ။ လူတွေစိုက်ထားတဲ့စိုက်ခင်းထဲ ကန်စွန်းရွက်တွေမှ အများကြီးပဲ။ အေးအေးလူလူ စားနေလို့ရပါတယ်ကွာ"လို့ ပြောလိုက်သတဲ့ကွယ်။

တစ်နေ့မှာတော့ လူတွေစိုက်ထားတဲ့ သီးနှံခင်းတွေထဲ ဝင်ရောက်စားကြတဲ့ တောတွင်းတိရစ္ဆာန်လေးတွေကို လူတွေက ချောင်းမြောင်းပစ်ခတ်ကြတာပေါ့ကွယ်။ ဝက်ဝံကလေး ကြာညိုလဲ အသက်လုပြီး ပြေးလာခဲ့ရသတဲ့ကွယ်။ လူတွေကလဲ သူတို့စိုက်ခင်းထဲ နောက်တစ်ခါ လာဝင်မစားအောင် ထောင်ချောက်တွေ တပ်ဆင်ထားတဲ့အတွက် တောတွင်းတိရစ္ဆာန်တွေ အသက်အန္တရာယ်ထိခိုက်လာကြသတဲ့ကွယ်။ ဝက်ဝံကလေး ကြာညိုလဲ လူတွေရဲ့စိုက်ခင်းထဲမသွားရတဲ့အတွက် အစားအစာရှားပါးလာသတဲ့ကွယ်။

သမင်ကလေးဖိုးရွှေလဲ သူငယ်ချင်းဖြစ်သူ ဝက်ဝံကလေးကြာညိုဆီ အလည်သွားတဲ့အခါ အိပ်ရာထဲလဲနေတဲ့ ဝက်ဝံကလေး ကြာညိုကို တွေ့လိုက်သတဲ့ကွယ်။ အကြောင်းစုံကို သိလိုက်တဲ့အခါ သမင်ကလေး ဖိုးရွှေက သူစိုက်ထားတဲ့သီးနှံတွေကို ဝက်ဝံကလေး ကြာညိုအတွက် ပြန်ပြီးယူဆောင်ပေးသတဲ့ကွယ်။ နောက်ပြီး "သူငယ်ချင်း ကြာညို သူများစိုက်ထားတာကို ခိုးစားတာ အန္တရာယ်များတယ်။ ကိုယ်တိုင်စိုက်ပျိုးထားတော့ ကျန်းမာရေးနဲ့လဲ ညီတယ်။ အန္တရာယ်လဲကင်းတယ်။ အချိန်မရွေး စားသုံးလို့လဲရတယ်"လို့ ဝက်ဝံကလေးကြာညိုကို ပြောပြသတဲ့ကွယ်။

အဲဒီအခါ "ဟုတ်ပါတယ် ဖိုးရွှေရာ ငါအပျင်းထူပြီး ရေသာခိုခဲ့ပါတယ်။ နောက်တစ်ခါ မင်းနဲ့အတူ စိုက်ခင်းတွေ အတူစိုက်ပါ့မယ်။ ပျင်းတဲ့စိတ်ကိုလဲ ဖယ်ရှားပါ့မယ်"လို့ ဝက်ဝံကလေးကြာညိုက ပြန်ပြောသတဲ့ကွယ်။

"စိတ်ချပါ။ အခုလဲ မျိုးစေ့တွေအတွက် ငါစုဆောင်းထားပါတယ်။ မင်းအတွက်လဲ ငါပေးပါ့မယ်ကွာ"လို့ သမင်ကလေး ဖိုးရွှေက ပြန်ပြောလိုက်သတဲ့ကွယ်။ နောင်တရသွားတဲ့ ဝက်ဝံကလေးကြာညိုလဲ ဝမ်းစာအတွက် ကိုယ်တိုင်စိုက်ပျိုးပြီး မပျင်းမရိဘဲ အလုပ်ကြိုးစားနေရင်း သူငယ်ချင်း သမင်ကလေး ဖိုးရွှေနဲ့အတူ ပျော်ရွှင်စွာနေထိုင်သွားကြသတဲ့ကွယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ ဘိုးဘိုးရဲ့ မြေးတွေလဲ ပျင်းရိစိတ်ကိုဖယ်ရှားပြီး မိမိကိုယ်ကို အားကိုးစိတ်ရှိကြရမယ်နော်။ ပြီးတော့ သူတစ်ပါးပစ္စည်းကို ခိုးယူစားသောက်မယ်ဆိုရင် အသက်အန္တရာယ်ထိခိုက်နိုင်သလို ငါးပါးသီလလဲ ပျက်ပြားတတ်တဲ့အတွက် သတိထားနေထိုင်ကြပါလို့ ဘိုးဘိုးက တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

## တို့ကျောင်း

À ပန်းကလေးများ ဖူးပွင့်လာ
နေရောင်ခြည်အောက်မှာ၊
ဖြူနီပြာဝါ လှပုံထူး
လိပ်ပြာလေးတွေမြူး။

À ဥယျာဉ်မှူးတို့ ပီတိဖြာ
ကြည့်လို့မဝပါ၊
မင်္ဂလာပါ နှုတ်ခွန်းဆက်
ချိုအေးကြည်သာလျက်။
ပန်းတွေပျိုးတဲ့လက်။ ။



**ဖိုးပြည့်(ပတ္တမြား)**

## လူ့မိတ်ဆွေ

À အားသည့်ချိန်မှာ စာကိုဖတ်လို့
မှတ်ဖွယ်မှတ်ရာ ပညာရှာ၊
စာအုပ်စာပေ လူ့မိတ်ဆွေတဲ့
မသွေမှတ်ကြ မောင်တို့ရာ။

À စာအုပ်ကောင်းတွေ ရှာဖတ်ကြစို့
သုတရသ စုံလင်စွာ၊
ဖတ်ကာမှတ်ကာ စု၊ တု၊ ပြုလို့
တိုးတက်စေမှု အနာဂတ်မှာ။
ဖတ်ပါ မှတ်ပါ။ ။



**ချမ်းငြိမ်းဝင်း(မိုးညှင်း)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်

(င) ပဥ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## ဖခင်အမည်တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာတက္ကသိုလ်တွင် ၂၀၂၅ ပညာသင်နှစ်၊ နောက်ဆုံးနှစ် အထူးပြုဘာသာရပ်သမိုင်း တက်ရောက်နေသော မမာမာဝင်း(၉/သစန(နိုင်)၂၃၄၇၉၄)၏ဖခင် ဦးသံချောင်း (ခ) ဦးနေဝင်း (ဘ) ဦးရကူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသံချောင်း (ခ) ဦးနေဝင်း (ဘ) ဦးရကူး

## ပျောက်ဆုံးကြောင်း

ခိုင်ငြိမ်းအေး (ဘ) ဦးအေးချစ်၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-577739)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-781099496


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(၂)၊ Grade-10 တွင် ပညာသင်ကြားနေသော မဇင်မီမီမောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်မောင်လှိုင်ဖြစ်ပါကြောင်း။

ဦးမောင်မောင်လှိုင်(၉/စကတ(နိုင်)၀၆၉၃၁၀)







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၁၁ ရက်တွင် ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ၊ ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park အတွင်းရှိ အဆောက်အအုံများ ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

မြဝတီ-မယ်ထော်သလေး KK Park နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများကျူးလွန်သည့်နေရာများတွင် တစ်ထပ်လူနေအဆောက်အအုံ တစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံအလုံး ၈၀၊ သုံးထပ်လူနေအဆောက်အအုံ ရှစ်လုံး၊ လေးထပ်လူနေအဆောက်အအုံ ၂၇ လုံး၊

စာမျက်နှာ ၂၁ ကော်လံ ၁ ☆



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ စုဖွဲ့နေထိုင်သောအဆောက်အအုံများ ဖျက်ဆီးရှင်းလင်းထားမှုကို တွေ့ရစဉ်။

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် အောက်တိုဘာလအတွင်း သတင်းမှန် ၄၉ ကြိမ် ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

## မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်သူ့အလုပ်သမားပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပြည်သူ့အလုပ်သမားပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

**သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက် Eastern Yangon Eventpark ၌ကျင်းပသည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အများပြည်သူကို စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ**

စာမျက်နှာ - ၂၃

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်
သင်္ဘောကျင်းလုပ်ငန်း
ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)
ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)
ငွေပင်လယ်ကိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com